မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၈၅)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်ဘုရင်မွေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၃

ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သည့် ဂျပန်ဘုရင် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျပန်ဘုရင် အကီဟီတိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✳

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့သူများအား ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့သူများကို လှည့်လည်နှုတ်ဆက်

နေပြည်တော် ဒီဇင်ဘာ ၂၃

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးသည့်အဖွဲ့များအား နိုင်ငံတော်သမ္မတက တည်ခင်းဧည့်ခံသောဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးနှုတ်ဆက်ပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။ *စာမျက်နှာ ၈ ကော်လံ ၄* ■

နိုင်ငံတကာ

ဆစ်ဒနီငါးဈေးကြီး၌ ပင်လယ်စာ အမြန်ရောင်းချပွဲစတင် စာမျက်နှာ ➤ ၄

ပြည်တွင်း

ကန်ရေပြင်အေးမြမြ လမ်းလျှောက်သူတွေ ပေါ်များလှ စာမျက်နှာ ➤ ၁၀

ပြည်တွင်း

တရုတ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုမိတ်ဆက်ပွဲကျင်းပ စာမျက်နှာ ➤ ၁၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာ့အားမာန် ဆီးဂိမ်းအောင်လံ

ကျွန်ုပ်တို့မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပပေးခဲ့သော အရှေ့တောင်အာရှအားကစားပွဲ (ဆီးဂိမ်း)ပြိုင်ပွဲကြီးသည်ကား အောင်မြင်စွာပြီးမြောက်ခဲ့လေပြီ။ ဤပြိုင်ပွဲကြီးတွင် အိမ်ရှင်မြန်မာအနေဖြင့် အောင်မြင်မှုရရှိခဲ့သည်ဟု ဆိုရပေလိမ့်မည်။ ဆုတံဆိပ်ဆွတ်ခူးနိုင်မှုဇယားကိုကြည့်လျှင် ဒုတိယရွှေတံဆိပ်အများဆုံးဖြစ်နေသည်။

အိမ်ရှင်မြန်မာက ဒီဇင်ဘာ ၂၂ ရက် ပြိုင်ပွဲများအပြီး ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခုနှင့် ကြေးတံဆိပ် ၈၅ ခု စုစုပေါင်း ဆုတံဆိပ် ၂၃၃ ဆွတ်ခူးနိုင်ခဲ့သည်ကို တွေ့ရသည်။ ဆုဇယားနံပါတ် (၂)နေရာတွင်ရှိသည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် မြန်မာတို့၏ ဆီးဂိမ်းကြိုးပမ်းအားထုတ်မှုသည် အောင်မြင်သည်ဟုဆိုရပေလိမ့်မည်။ ထိုသို့ အောင်မြင်မှုရခဲ့ခြင်းသည်ကား အားလုံးဝိုင်းဝန်းဆောင်ရွက်ခဲ့မှုကြောင့်သာဖြစ်သည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် အားကစားသမားအားလုံး၏ အားကြိုးမာန်တက် ကြိုးပမ်းအားထုတ်ခဲ့မှုရလဒ်ပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရကလည်း အစွမ်းကုန်ဖြည့်ဆည်းပေးမှု၊ အားကစားသမားများကလည်း ရွှေတံဆိပ်ရအောင်မဖြစ်မနေ ကြိုးစားအားထုတ်မှု၊ ပြည်သူအပေါင်းကလည်း ကျရာနေရာမှ ဝိုင်းဝန်းဖြည့်ဆည်းပေးမှုကြောင့်ပင် ဖြစ်သည်။

အထူးသဖြင့် ဤဆီးဂိမ်းပွဲကြီး အောင်မြင်မှုသည် ပြည်တွင်းအားများသာမက ပြည်ပအဖွဲ့အစည်း အသီးသီးကလည်း ဝိုင်းဝန်းကူညီမှုကြောင့်ပင်ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံတွင် ဆီးဂိမ်းပြိုင်ပွဲမကျင်းပနိုင်သည်မှာ နှစ်ပေါင်း ၄၄နှစ် ကြာညောင်းခဲ့ပြီဖြစ်၍ အချို့အားကစားနည်းများမှာ မျိုးဆက်ပြတ်နေသည့် အနေအထားရှိသည်။ သို့သော်လည်း ရှိသည့်အားနှင့်အကောင်းဆုံး ယှဉ်ပြိုင်သွားခဲ့သည်မှာ အားကစားတာဝန်ရှိသူများနှင့် အားကစားသမားများအား ချီးကျူးဂုဏ်ပြုထိုက်ပေသည်။

ယခုကျင်းပသည့် ဆီးဂိမ်းပြိုင်ပွဲ ဆုတံဆိပ်ရရှိမှုကို တွက်ကြည့်လျှင် ဆီးဂိမ်းထိပ်တန်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့်အတူ အိမ်ရှင်မြန်မာသည် ဆုတံဆိပ်များမျှမျှတတ ခွဲဝေရရှိသွားသည့် အနေအထားဖြစ်သည်။ ထိုသို့ ဆုတံဆိပ်ရရှိမှု မျှတလာခြင်းမှာ ပြိုင်ပွဲဝင်နိုင်ငံများ၏ အားကစားအဆင့်အတန်းသည် တူညီလာခြင်းကြောင့်ပင်ဖြစ်သည်။ အခြားသော ဆီးဂိမ်းပြိုင်ပွဲဝင်နိုင်ငံများကလည်း တဖြည်းဖြည်းတိုးတက်လာသည်ကို တွေ့ရသည်။ လာမည့်ဆယ်စုနှစ်အတွင်း ဆီးဂိမ်းပြိုင်ပွဲဝင်နိုင်ငံများ၏ အားကစားအဆင့်အတန်းသည် တစ်ပြေးညီရှိလာပြီး ပြိုင်ဆိုင်မှုမှာလည်း ပိုမိုပြင်းထန်လာမည်ဟုခန့်မှန်းရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာတို့၏စည်းလုံးညီညွတ်မှု အားမာန်ကြောင့် ဆီးဂိမ်းအောင်လံသည်လည်း အမှန်ပင်လွှင့်ထူနိုင်ခဲ့ပြီဖြစ်ပါသည်။ ထိုမှဆက်၍ မြန်မာ့အားကစား အထွတ်အထိပ်သို့ရောက်ရှိရေး အားလုံး ဝိုင်းဝန်းကြိုးပမ်းအားထုတ် သွားကြရဦးမည်သာဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အားကစားပြိုင်ပွဲလုံခြုံရေးစိစစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့တို့ပူးပေါင်းဆောင်ရွက်ခဲ့မှုအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၃

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ လုံခြုံရေးစိစစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL-IMEST) တို့ပူးပေါင်း၍ ဒီဇင်ဘာ ၂ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်ခဲ့မှုအပေါ်ပြန်လည်သုံးသပ်ဆွေးနွေးခြင်း (Opetration Dove Debriefing) ကို ဒီဇင်ဘာ ၂၀ ရက်တွင် ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အင်တာပိုလ်ရဲအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စားနိုင်ငံဖြတ်ကျော်မှုခင်းဌာနမှ ရဲမှူးကြီး အောင်ဌေးမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် (INTERPOL-IMEST) အဖွဲ့ခေါင်းဆောင် အကြီးတန်းအရာရှိနှင့် ကျွမ်းကျင်သူ Mr. Rastislavt Sasik နှင့် ကိုယ်စားလှယ်လေးဦး၊ ဘရူနိုင်း၊ မလေးရှား၊ လာအို၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၌ကျင်းပခဲ့သော အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကာလအတွင်း လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ဝင်ရောက်လာသော ခရီးသည်များကို အင်တာပိုလ်ပြစ်မှုမှတ်တမ်းအချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးသည့် စနစ်ဆောင်ရွက်ခဲ့မှုများ၊ မြန်မာနိုင်ငံသို့မရောက်မီ ခရီးစတင်ထွက်ခွာရာနိုင်ငံများနှင့် လမ်းခရီးတစ်ထောက်နားရာ နိုင်ငံများ၏ လေဆိပ်များတွင် စစ်ဆေးမှု၊ သတင်းအချက်အလက်ဖလှယ်မှု ဖော်ထုတ်နိုင်မှုများနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးခဲ့သည်။

ဒီဇင်ဘာ ၂၀ ရက်အထိ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ၁၇၀၇ ဦးနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ၁၂၃၅၃ ဦးတို့အား အင်တာပိုလ်ပြစ်မှုမှတ်တမ်းအချက်အလက်များ (Database) နှင့်တိုက်ဆိုင်၍ စစ်ဆေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စဉ်းစဉ်းစားစား လုပ်ကြပါဦး

ယနေ့မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် သစ်တောပြုန်းတီးမှုအန္တရာယ်မှာ အလျင်အမြန်ကြီးထွားနေကြောင်းနှင့် ထိုအန္တရာယ်များမှကာကွယ်နိုင်ရန် အထူးဂရုပြုအလေးထားဆောင်ရွက်ကြရန် သစ်တောကျွမ်းကျင်ပညာရှင်များ၊ သတင်းစာ၊ ဂျာနယ်မီဒီယာများမှ ဝိုင်းဝန်းပြောဆို ရေးသားလျက်ရှိသည်။

သစ်တစ်ပင် ရှင်သန်ကြီးထွားရန် လွယ်ကူသည်မဟုတ်ပေ။ တာဝန်မဲ့ အသိမဲ့သူ များပြားသော ယခုအချိန်အခါတွင် ပို၍ပင်ဆိုးသေးသည်။ သို့ပါသော်လည်း အောင်မြင်ဖြစ်ထွန်းနေသည့် သစ်ပင်ပေါင်းများစွာကို မြေထိုးစက်များဖြင့် အလွယ်တကူ ခုတ်လှဲနေကြသည်ကို မန္တလေး-ပြင်ဦးလွင် ကားလမ်း ပြင်စာကျေးရွာအနီးတွင် တွေ့မြင်နေရသည်။

မန္တလေး-ပြင်ဦးလွင် ကားလမ်းသည် နှစ်လမ်းသွား(ဒွေးလမ်း)ဖြစ်ပြီး လမ်းဘေးဝဲယာနှင့် လမ်းနှစ်လမ်းကြားတို့တွင် ကျွန်းပင်များနှင့် အခြားသစ်မာပင် အများအပြား ပေါက်ရောက်လျက်ရှိသည်။ ယခုအခါတွင် "လမ်းချဲ့နေသည်" ဟူသော အကြောင်းပြချက်ဖြင့် အဖိုးတန်သစ်ပင်ကြီးများကို ရက်ရက်စက်စက် ခုတ်လှဲနေသည်မှာ မြင်တွေ့ရသူ သစ်ပင်ချစ်သူအပေါင်း စိတ်မချမ်းမသာ ဖြစ်ရသည်။ ဤကဲ့သို့သော သစ်ပင်များကို ပြန်လည်စိုက်ပျိုး ရှင်သန်ကြီးထွားရန် နောင် ၁၀ နှစ်၊ အနှစ် ၂၀ မဖြစ်နိုင်ပေ။ ခုတ်လှဲဖြိုဖျက်သူတို့က အပူအပင်အကြောက်အလန့်ကင်းမဲ့စွာ စိတ်တိုင်းကျ ဆောင်ရွက်နေကြသော်လည်း တားမြစ်ပိတ်ပင်သူ မတွေ့မမြင်ရသေးပေ။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဆိုသော်လည်း ရာသီဥတုဖောက်ပြန်၍ လူအများသေကျေပျက်စီး ဆုံးရှုံးရမည်ကိုလည်း သတိထားသင့်သည်။ "သတိ လမ်းချဲ့နေသည်" ဆိုင်းဘုတ်လေး ထောင်ထားရုံဖြင့် အဖိုးတန်သစ်ပင်ကြီးများ ခုတ်လှဲခံနေရသည့်အပြင် "သစ်ပင်များကို မည်သူမဆိုခုတ်လှဲဖျက်ဆီးပါက သစ်တောဥပဒေပုဒ်မ ၄၂ ဖြင့် အရေးယူခြင်းခံရမည်" ဟူသောဆိုင်းဘုတ်မှာလည်း မြေထိုးစက်ထိုးကော် သွား ခြင်းကို ခံလိုက်ရပေပြီ။ "ဥတုရာသီတောကိုမှီ"၊ "တောမဲ့မြေသားရေခြောက်ခန်း ၏"၊ "တောတောင်စိမ်းစို သာယာပို၏" ဆိုင်းဘုတ်များမှာလည်း ဘယ်ဆီရောက်မှန်း မသိရတော့ပေ။ သေချာသည်မှာ မြေထိုးစက်ကြီး အကြိတ်ခံ လိုက်ရပြီဖြစ်နိုင်ပေသည်။

ထို့ကြောင့် တစ်လောကလုံးရှိ လူသားများနှင့် သတ္တဝါများ သက်ရှည်ကျန်းမာ ပျော်ရွှင်နိုင်ကြရန်အတွက် စဉ်းစဉ်းစားစားလုပ်ကြပါဦးဟု တိုက်တွန်းရေးသားအပ်ပါသည်။

သက်နိုင်(ပြင်ဦးလွင်)

ထင်သာမြင်သာ ပြုပြင်စရာ

ကျေးလက်လူငယ် စွမ်းဆောင်ရည်မြှင့်သင်တန်း

ဘားအံ ဒီဇင်ဘာ ၂၃

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပေါင်းစည်း၍ မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ၊ ငါးလုပ်ငန်းဆိုင်ရာ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာနှင့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာဗဟုသုတများတိုးပွားစေရေး၊ နယ်မြေဒေသဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရေး၊ ကျေးလက်ဒေသများ အမြန်ဖွံ့ဖြိုးတိုးတက်လာရန် ကူညီပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ မွေးရေ/ ကျေးလက်လူငယ် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁)ကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် ဘားအံမြို့နယ် တောင်သူကုန်းကျေးရွာအုပ်စုရှိ ခြကလေးကျေးရွာ၌ ဖွင့်လှစ်ပို့ချခဲ့သည်။

ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ မြန်မာ့မီးရထား၊ အမှတ်(၅)တိုင်း၊ ပျဉ်းမနားစက်ခေါင်းစက်ရုံ ရေရရှိရေးလုပ်ငန်းအတွက် ခြောက်လက်မ အဝီစိတွင်းတူးခြင်း၊ Pump House, Ground Tank ဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ လက်ထောက်အင်ဂျင်နီယာမှူးရုံး၊ ပျဉ်းမနားဘူတာတွင် ရောင်းချမည်ဖြစ်ပြီး ၁-၁-၂၀၁၄ရက် ၁၅း၃၀နာရီ နောက်ဆုံးထား၍ ပေးသွင်းရန်နှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များကို ဖုန်း-၀၆၇-၂၂၀၇၇သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

နေပြည်တော်အဆင့်တင်ဒါစိစစ်ရေးကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ နယ်မြေ(၆)၊ ရမ်ပူရပ်ကွက်ရှိ မတင်တင်ဦး ၁/မကန(နိုင်)၁၅၆၇၉၅၏ဖခင်အမည်မှန်မှာ ဦးကျော်သင်း(ခ)ဦးချမ်းမောင် ၁/ဗမန(နိုင်)၀၁၁၁၈၂ သည် တစ်ဦးတည်းဖြစ်ပါသည်။

ပျောက်ဆုံး

ကျွန်တော် မောင်ဇေယျာလင်းဦး ၁၂/မဂတ(နိုင်)၀၈၀၅၆၄၏ သင်္ဘောသားစာအုပ်လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၁၃၅၅၉၅

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုနှုတ်ခွန်းဆက်အမှာစကား

နေပြည်တော် ဒီဇင်ဘာ ၂၃

ယနေ့ ညနေပိုင်းက နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ကျင်းပပြုလုပ်သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးသည့်အဖွဲ့များအား တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနား၌ ဗီဒီယိုရုပ်သံဖြင့် ထုတ်လွှင့်ပြသခဲ့သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဂုဏ်ပြုနှုတ်ခွန်းဆက်အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ခင်လေးစားရပါသော လူငယ်မောင်မယ်များခင်ဗျား-

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ဒီအားကစားပွဲတော်ကြီးဟာ (၄၄)နှစ်ကြာမှ မြန်မာနိုင်ငံမှာ ပြန်လည်ကျင်းပနိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ယခင်ကအကြောင်းအမျိုးမျိုးကြောင့် ကျင်းပနိုင်ခြင်းမရှိရာကနေ ယခုအချိန်မှ ပြန်လည်ကျင်းပနိုင်ခွင့်ရရှိခဲ့တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ အခွင့်အရေး လေးခုရရှိခဲ့ပါတယ်။ ပထမအခွင့်အရေးကတော့ ယခုကဲ့သို့ နိုင်ငံတကာအားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံအနေဖြင့် ကျင်းပနိုင်စွမ်းရှိပါ့မလားလို့ ပြည်တွင်းပြည်ပမှ သံသယရှိနေသူတွေကို မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားတို့အနေဖြင့် လုပ်ဆောင်နိုင်စွမ်းရှိတယ်ဆိုတာကို ပြသနိုင်တဲ့အခွင့်အရေးပဲဖြစ်ပါတယ်။

ဒုတိယအခွင့်အရေးကတော့ မြန်မာ့အားကစားသမားများရဲ့ စိတ်ဓာတ်၊ စွမ်းရည်၊ သန့်ရှင်းစွာ ယှဉ်ပြိုင်မှု၊ ရဲစွမ်းသတ္တိရှိမှုတို့ကို ပြသနိုင်တဲ့အခွင့်အရေးပဲဖြစ်ပါတယ်။ တတိယအနေဖြင့် နိုင်ငံတကာမှ အားကစားသမားများ၊ လာရောက်လေ့လာကြည့်ရှုသူများကို မြန်မာလူမျိုးများ၏ ယဉ်ကျေးသိမ်မွေ့မှု၊ ဖော်ရွေမှု၊ ကူညီစောင့်ရှောက်မှု၊ ကိုယ်ကျင့်တရားမြင့်မားမှုများကို ပြသနိုင်တဲ့အခွင့်အရေးပဲဖြစ်ပါတယ်။ နောက်ဆုံးအခွင့်အရေးကတော့ နိုင်ငံခြားသားများအနေဖြင့် အားကစားပြိုင်ပွဲများသာမက မြန်မာနိုင်ငံ၏အခြားစိတ်ဝင်စားစရာနေရာများကိုပါ လေ့လာခွင့်ရရှိသွားတဲ့အတွက် နိုင်ငံနှင့် လူမျိုး၏ပုံရိပ်ကို မြှင့်တင်နိုင်တဲ့ အခွင့်အရေးပဲ ဖြစ်ပါတယ်။

အရှေ့တောင်အာရှအားကစားပွဲတော်ကြီးမှာ နိုင်ငံအသီးသီးက အားကစားမောင်မယ်များ၊ ဧည့်သည်တော်များ၊ နိုင်ငံတကာနဲ့ ပြည်တွင်းကမီဒီယာသမားအမြောက်အမြား ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။

ဒီဧည့်သည်တော်များကို မြန်မာနိုင်ငံရဲ့ ယဉ်ကျေးသိမ်မွေ့မှု၊ ဖော်ရွေမှု၊ ကူညီစောင့်ရှောက်မှု၊ ကိုယ်ကျင့်တရားမြင့်မားမှုများကို ပြသနိုင်ရေး၊ မြန်မာနိုင်ငံအနေနဲ့ လုပ်နိုင်စွမ်းရှိတယ်ဆိုတာကို ပြသနိုင်ရေးဟာ အားကစားပြိုင်ပွဲများမှာ မြန်မာအားကစားမောင်မယ်များ အနိုင်ရရှိရေးလိုပဲ အရေးကြီးလှပါတယ်။ အဲဒီတာဝန်ကို ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများမှာ ပါဝင်ဖျော်ဖြေခဲ့ကြတဲ့ မောင်မယ်များ၊ ဆက်သွယ်ဆက်ဆံရေးအရာရှိများ၊ စေတနာ့ဝန်ထမ်းများ၊ လုပ်အားပေးလူငယ်များက တာဝန်ယူဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

မောင်တို့မယ်တို့ဟာ ဒီတာဝန်များကို မိမိတို့ဆန္ဒအလျောက် တာဝန်ယူဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်သူဆိုတာဟာ အကျိုး၊ အမြတ်အခွင့်အရေးတစ်စုံတစ်ရာကို ရည်ရွယ်ခြင်းမရှိဘဲ အများအကျိုး၊ နိုင်ငံအကျိုးအတွက် မိမိတတ်စွမ်းသမျှ ကူညီဖြည့်ဆည်းပေးသူပဲဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ဒီတာဝန်ကို ထမ်းဆောင်ခဲ့ကြတဲ့အခါမှာ မောင်တို့မယ်တို့ဟာ မိမိတို့နှလုံးသားထဲမှာ နိုင်ငံ့ဂုဏ်သိက္ခာမြင့်မားစေဖို့အတွက် အစွမ်းကုန်ကြိုးစားမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ပျော်ရွှင်တက်ကြွစွာထမ်းဆောင်ခဲ့ကြတာကို တွေ့ခဲ့ရပါတယ်။ ပြိုင်ပွဲကာလတစ်လျှောက်လုံးမှာ ကြုံတွေ့ခဲ့ရတဲ့အခက်အခဲများ၊ အဆင်မပြေမှုများကိုလည်း နားလည်သည်းခံ ခွင့်လွှတ်တဲ့စိတ်ထားနဲ့ ရင်ဆိုင်ကျော်လွှားခဲ့ကြပါတယ်။ နိုင်ငံရဲ့နေရာဒေသအသီးသီးက ရောက်ရှိလာကြတဲ့ တိုင်းရင်းသားမောင်မယ်များဟာ အရှေ့တောင်အာရှအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်နဲ့ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ခဲ့တာဟာ ဂုဏ်ယူစရာဖြစ်ပါတယ်။

မောင်တို့ မယ်တို့လိုပဲ ပြိုင်ပွဲဦးစီးကော်မတီများ၊ အထောက်အကူပြုအဖွဲ့များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ တပ်မတော်နဲ့ရဲတပ်ဖွဲ့မှ အရာရှိစစ်သည်များ၊ ဂီတအနုပညာရှင်များ၊ အတတ်ပညာရှင်များဟာလည်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။

ဒါ့ကြောင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ခြင်းဟာ မြန်မာပြည်သူအားလုံးရဲ့ အောင်ပွဲပဲဖြစ်ပါတယ်။ ဒီအောင်ပွဲကို မောင်တို့မယ်တို့အပါအဝင် ပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ်နဲ့ ရယူပေးခဲ့ကြတာဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နေတဲ့အသွင်ကူးပြောင်းစ ဒီမိုကရေစီလမ်းခရီးမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အရေးတကြီးတည်ဆောက်နေရတဲ့အချိန်ဖြစ်ပါတယ်။ ဒီလိုအချိန်ကာလမှာ အခုလိုလူ့အဖွဲ့အစည်းအသီးသီး လူထုလူတန်းစားအလွှာအသီးသီးက အမျိုးသားရေးတာဝန်တစ်ရပ်ကို အောင်အောင်မြင်မြင်ပူးပေါင်းအကောင်အထည်ဖော်နိုင်ခဲ့တာဟာ ရှေ့ဆက်မယ့်ခရီးလမ်းအတွက် ခွန်အားသစ်တွေဖြစ်ထွန်းစေပါတယ်။ ဒီလိုသာ အမျိုးသားညီညွတ်ရေးကို တည်ဆောက်နိုင်မယ်ဆိုရင် ငြိမ်းချမ်းသာယာဝပြောတဲ့ခေတ်တစ်ခေတ်ကို တည်ဆောက်နိုင်မှာသေချာပါတယ်။

ဒါ့ကြောင့် မောင်တို့ မယ်တို့အနေနဲ့ အရှေ့တောင်အာရှအားကစားပွဲတော်ကြီးက ရရှိလာတဲ့စိတ်ဓာတ်များ၊ အတွေ့အကြုံများကို နိုင်ငံတည်ဆောက်ရေးအတွက် ဆက်လက်အသုံးပြုသွားဖို့ တိုက်တွန်းအပ်ပါတယ်။

မောင်တို့ မယ်တို့အားလုံး ကျန်းမာပျော်ရွှင် အောင်မြင်နိုင်ကြပါစေ။

✳ ရှေ့ဖုံးမှ

အလားတူ ဒီဇင်ဘာ ၂၃ ရက်တွင်ကျရောက်သည့် ဂျပန်ဘုရင် အကီဟီတို၏ မွေးနေ့အခါသမယတွင်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၃

ဒီဇင်ဘာ ၂၃ ရက်တွင်ကျရောက်သည့် ဂျပန်ဘုရင် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမီရိုကီရှီဒ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၃ ဒီဂရီ စင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကမ္ဘောဒီးယားနိုင်ငံဘုရင်နှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၃

ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Samdech Akka Moha Ponhea Chakrei Heng Samrin ၏ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၂၀ ရက် ညနေ ၄ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော်သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr.Kong Som OI က ခရီးဦးကြိုနှုတ်ဆက်ခဲ့သည်။

အမြင်ချင်းဖလှယ်

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် မြန်မာလွှတ်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင် His Majesty Preah Karona Preah Bat Samdech Baromneath Norodom Sihamoni က တွေ့ဆုံနှုတ်ဆက်သည်။ **(ယာပုံ)** ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော် အထူးဧည့်သည်တော်များ ဧည့်ခန်းမဆောင်၌ ပြည်ထောင်စုလွှတ်တော်နာယကနှင့်ကမ္ဘောဒီးယားနိုင်ငံ ဘုရင်တို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း၊ အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တည်ခင်းဧည့်ခံ

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် ညနေ ၃ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော်သို့ ရောက်ရှိပြီး ဘုရင့်နန်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။ ဒီဇင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့အား နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ သတင်း၊ မီဒီယာနှင့် နိုင်ငံခြားရေးရာကော်မရှင်ဥက္ကဋ္ဌ H.E.Mr.Chheang Vun က Sokha Club ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

နေပြည်တော်သို့ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက် အရောက်သတင်းပို့ကြရန်

ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်လွှတ်တော်ရုံးသို့ **၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်(စနေနေ့) ထက်မစော၊ ၁၂ ရက် (တနင်္ဂနွေနေ့)ထက်နောက်မကျစေဘဲ သတင်းပို့ကြရန်** ဖြစ်ကြောင်း သတင်းရရှိသည်။

နေပြည်တော်အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

ပထမအကြိမ် အမျိုးသားလွှတ်တော်နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် (I-19) သို့ **၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်ထက်မစော၊ ၁၂ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်**နှင့် ကိုယ်စားလှယ်အသိအမှတ်ပြုလွှာနှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကိုယူဆောင်လာကြရန် ပန်ကြားအပ်ပါသည်။

နိုင်ငံတကာသတင်း

အသက် ၈၀ ပြည့် ဂျပန်ဧကရာဇ် တာဝန်များကို အကောင်းဆုံး ထမ်းဆောင်

တိုကျို ဒီဇင်ဘာ ၂၃

တနင်္လာနေ့တွင် ကျရောက်သော အသက် ၈၀ ပြည့် မွေးနေ့တွင် ဂျပန်ဧကရာဇ်အကီဟီတိုက မိမိအနေဖြင့် အကောင်းဆုံးလုပ်ဆောင်နိုင်စွမ်း ရှိသေးကြောင်း ပြောကြားလိုက်သည်။ ဧကရာဇ်အနေဖြင့် နောင်နှစ်တွင် မိမိ၏ အလုပ်တာဝန်အချို့ကို မျိုးဆက်သစ်များအား လွှဲပြောင်းပေးရန် မျှော်လင့်ရသည်။

အသက်အရွယ်ကြီးရင့်လာသော်လည်း မိမိအနေဖြင့် လုပ်ဆောင်ရမည့် တာဝန်များကို အကောင်းဆုံးလုပ်ဆောင်နိုင်စွမ်း ရှိနေသေးသည်ဟု မျှော်လင့်ကြောင်း မွေးနေ့မတိုင်မီ ဗုဒ္ဓဟူးနေ့က ကျင်းပသည့် ရိုးရာသတင်းစာရှင်းလင်းပွဲတစ်ခုတွင် ဧကရာဇ်က ပြောကြားသည်။

အသက် ၈၀ ပြည့်ပြီဖြစ်သည့် ဒုတိယမြောက် ဂျပန်ဧကရာဇ် အကီဟီတိုသည် ၁၉၈၉ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ဖခင်ဧကရာဇ် ဟီရိုဟီတိုထံမှ ထီးနန်းရရှိခဲ့သည်။

ဂျပန်ဧကရာဇ်နှင့် မိဖုရား မီချီကိုတို့သည် အိမ်ရှေ့မင်းသား နာရူဟီတို အပါအဝင် ကလေးများဆီသို့ ၁၉၉၂ ခုနှစ်ကတည်းက သွားရောက် လည်ပတ်လျက်ရှိကြသည်။ သို့ရာတွင် မေလ၌ ကျရောက်သည့် ကလေးများနေ့တွင် သူငယ်တန်းကလေးများဆီသို့ နှစ်စဉ်သွားရောက်လည်ပတ်ခြင်းနှင့် စက်တင်ဘာလတွင် ကျရောက်သည့် ဘိုးဘွားများနေ့တွင် အသက်အရွယ် ကြီးသူများအား ထောက်ပံ့ခြင်းပြုရန် လာမည့်နှစ်သည် နောက်ဆုံးဖြစ်ဖွယ်ရှိသည်။ မိမိတို့သည် အသက်ကြီးသူများနှင့် နှိုင်းယှဉ်လျှင် မတိမ်းမယိမ်းအရွယ်တွင် ရှိနေပြီး ကလေးများနှင့်ဆိုပါက များစွာအသက်ကွာဟနေသော်လည်း ၎င်း၏ ကျန်းမာရေးအခြေအနေသည် ကောင်းမွန်နေဆဲဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ဝန်ထုပ်ဝန်ပိုးများကို လျှော့ချရန်အတွက် တာဝန်များကို လွှဲပြောင်းရန်နှင့်ပတ်သက်ပြီး မိမိအနေဖြင့် လက်ရှိအနေအထားအတိုင်း ဆက်လက်ဆောင်ရွက်လုပ်ကိုင်လိုကြောင်း ဧကရာဇ်က ဆက်လက်ပြောကြားသည်။ **(ကျိုဒို)**

ဗန်ကောက်၌ ရွေးကောက်ပွဲကို ဆန့်ကျင်ဆန္ဒပြ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် အတိုက်အခံလိုလား

ဗန်ကောက် ဒီဇင်ဘာ ၂၃

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖေဖော်ဝါရီလ ရွေးကောက်ပွဲ ကျင်းပရန် လျာထားသည့် အားကစားကွင်းကို ဝိုင်းရံလျက် အစိုးရဆန့်ကျင်ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။

ရွေးကောက်ပွဲ မကျင်းပမီ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန်လိုအပ်နေသည်ဟု ဆန္ဒပြသူများက ပြောသည်။ တနင်္ဂနွေနေ့တွင် ဗန်ကောက်မြို့လမ်းများပေါ်၌ ထောင်ပေါင်းများစွာသော ဆန္ဒပြသူများက အစိုးရဆင်းပေးရန် တောင်းဆိုခဲ့ကြသည်။

ဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်က ဆန္ဒပြမှုများ အဆုံးသတ်ရန် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲပြုလုပ်နိုင်ရေး ဆော်ဩတိုက်တွန်းလိုက်သည်။

ဒီမိုကရေစီစနစ်ကို လေးစားလိုက်နာရန်လည်း ၎င်းက တိုက်တွန်းလိုက်သည်။

ဖေဖော်ဝါရီလ ရွေးကောက်ပွဲကို သပိတ်မှောက်သင့်ကြောင်း အတိုက်အခံ ဒီမိုကရက်တစ်ပါတီက ပြောသည်။ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို သဘောမတူနိုင်ကြောင်း ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးပြုပြင်ပြောင်းလဲရန်လိုလားကြောင်း ဝါရင့်ဒီမိုကရက်တစ်ပါတီ နိုင်ငံရေးသမား ဆန္ဒပြခေါင်းဆောင် ဆူသက်သောင်ဆုဘန်က ပြောသည်။ **(ဘီဘီစီ)**

အမေရိကန်၏စပိုင်လုပ်ငန်းအဆုံးသတ်ရန် အစ္စရေးဝန်ကြီးများတောင်းဆိုမည်

ဂျေရုဆလင် ဒီဇင်ဘာ ၂၃

အစ္စရေးထိပ်တန်းခေါင်းဆောင်များအား အမေရိကန်အမျိုးသားလုံခြုံရေး အေဂျင်စီက ထောက်လှမ်းခဲ့ခြင်းကို သိရှိထားသဖြင့် ယင်းလုပ်ဆောင်ချက်ကို အဆုံးသတ်ရန် အမေရိကန်သို့ အစ္စရေးဝန်ကြီးများက လာမည့် တနင်္ဂနွေနေ့တွင် တောင်းဆိုမည်ဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ရေးသားထားသည်။

"အမေရိကန်က အစ္စရေးရဲ့ ကာကွယ်ရေးနဲ့ သံတမန်ရေးရာခေါင်းဆောင်ပိုင်းတွေမှာ စနစ်တကျ သူလျှိုလုပ်စောင့်ကြည့်နေပါတယ်။ ဒါဟာ တစ်ဦးနဲ့တစ်ဦး မိတ်ဆွေတွေရဲ့လုပ်ရပ်လား"ဟု အစ္စရေးနိုင်ငံပို့ဆောင်ရေးဝန်ကြီးက မေးခွန်းထုတ်ခဲ့သည်။ တနင်္ဂနွေနေ့တွင် ပြုလုပ်မည့် အစိုးရအဖွဲ့ အစည်းအဝေးတွင် သူလျှိုလုပ်ငန်းကို အဆုံးသတ်ရန် အမေရိကန်၏အာမခံချက် ရရှိရန်တောင်းဆို သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(ဆင်ဟွာ)

ဆစ်ဒနီငါးဈေးကြီး၌ ပင်လယ်စာ အမြန်ရောင်းချပွဲစတင်

ဆစ်ဒနီ ဒီဇင်ဘာ ၂၃

ဆစ်ဒနီငါးဈေး၏ နှစ်ပတ်လည် ပင်လယ်စာအမြန်ရောင်းချပွဲကို တနင်္လာနေ့ နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ရာ ပြည်သူထောင်ပေါင်းများစွာတို့သည် ရောင်းချပွဲအတွင်း သို့ထက်ငါဝယ်ယူရန် မျှော်လင့်လျက်ရှိသည်။

အဆိုပါ ရောင်းချပွဲတွင် ဈေးဝယ်သူ တစ်သိန်းခန့်သည် ပင်လယ်စာတန် ၆၅၀ ကျော်ကို ခရစ္စမတ်မတိုင်မီ ဝယ်ယူကြလိမ့်မည်ဟု ငါးဈေးမန်နေဂျာ ဘရိုင်ယန်စက္ကပါက မျှော်လင့်ကြောင်း ဩစတြေးလျသတင်းဌာန (အေအေပီ)က ဖော်ပြသည်။ ဆစ်ဒနီငါးဈေး၏ ၃၆ နာရီကြာ ပင်လယ်စာအမြန်ရောင်းချပွဲသည် ခရစ္စမတ်အတွက် နှစ်စဉ်ပြုလုပ်ခြင်းဖြစ်ပြီး ခရစ္စမတ်အကြိုနေ့မတိုင်မီ အင်္ဂါနေ့ မွန်းလွဲပိုင်း တိုင်အောင် ရောင်းချလိမ့်မည်ဖြစ်သည်။

အဆိုပါဈေးကွက်တွင် ပုစွန် တန် ၁၂၀ ခန့်နှင့် ကမာကောင် ဒါဇင်ပေါင်း ၇၀၀၀၀ ကျော် ရောင်းချနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

နယူးဆောက်ဝေးပြည်နယ် အခြေခံစက်မှုလုပ်ငန်းဝန်ကြီး ကက်ထရီနာဟတ်ချ်ကင်ဆန်သည် ၃၆ နာရီကြာ ရောင်းချပွဲကျင်းပရန်အတွက် အဆိုပါ ဈေးသို့ သွားရောက်လည်ပတ်ခဲ့သည်။

ကမ္ဘာပေါ်တွင် တတိယအကြီးဆုံးဖြစ်သော ဆစ်ဒနီငါးဈေးသည် ဆစ်ဒနီမြို့တော်၏ ဘလက်ဝက်တယ် ပင်လယ်အော်တွင် တည်ရှိသည်။ အဆိုပါဈေးကို ၁၉၅၄ ခုနှစ်တွင် ပြည်နယ်အစိုးရက တည်ထောင်ခဲ့ပြီး ၁၉၉၄ ခုနှစ်မှစ၍ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတစ်ခုအဖြစ် ပုဂ္ဂလိကပိုင် ပြုလုပ်ခဲ့သည်။ **(ဆင်ဟွာ)**

တောင်ဆူဒန်အကြမ်းဖက်မှု ပိုမိုဆိုးရွားလာ

ဘော် ဒီဇင်ဘာ ၂၃

တောင်ဆူဒန်တွင် အကြမ်းဖက်မှုများ အရှိန်မြင့်တက်လာပြီး စိုးရိမ်ကြောက်လန့်ဖွယ်ရာ အခြေအနေဖြစ်လာကြောင်း ကုလသမဂ္ဂတာဝန်ရှိသူတစ်ဦးက ပြောသည်။

တောင်ဆူဒန် ဘော်မြို့ အခြေအနေမှာ တစ်နေ့တခြား ဆိုးရွားလာနေကြောင်း၊ ကြောက်မက်ဖွယ်ရာ အခြေအနေသို့ ဆိုက်ရောက်လာကြောင်း ကုလသမဂ္ဂလူသားချင်း ဆာနာမှုဆိုင်ရာ ပူးတွဲညှိနှိုင်းရေးမှူး တိုဘီလင်ဆာက ဘီဘီစီသို့ ပြောသည်။

နိုင်ငံရေးခေါင်းဆောင် ပြိုင်ဘက်များအနေဖြင့် အပစ်အခတ်ရပ်စဲပြီး ပွင့်လင်းမြင်သာသော ဆွေးနွေးပွဲ အမြန်ဆုံးပြုလုပ်ရန် တောင်ဆူဒန်ရှိ ကုလသမဂ္ဂမစ်ရှင်က တိုက်တွန်းလိုက်သည်။ ယင်းအကြမ်းဖက်မှုမှာ လွန်ခဲ့သော သီတင်းပတ်က သမ္မတဆဲလ်ဗာကီယာ၏ သစ္စာခံတပ်များနှင့် ဒုတိယသမ္မတဟောင်း ကို ထောက်ခံသူများအကြား ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုအတောအတွင်း အမေရိကန်က ဘော်မြို့မှ ၎င်းနိုင်ငံသားများကိုပြန်ခေါ်လိုက်သည်။ **(ဘီဘီစီ)**

အကြမ်းဖက်မှု ဖြစ်ရပ်များကြောင့် လွတ်မြောက်ရာသို့ တိမ်းရှောင်ကြမည့် တောင်ဆူဒန် ပြည်သူများ။

နိုင်ငံတကာအားကစားသတင်း

ပက်ဒရို ကိုးမိနစ်အတွင်းဟက်ထရစ်သွင်း

စပိန်လာလီဂါပြိုင်ပွဲအဖြစ် ဂီတာဖေးနှင့် ဘာစီလိုနာတို့ ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်လက်ရွေးစင် ပက်ဒရိုက ကိုးမိနစ်အတွင်း ဟက်ထရစ်ဂိုးသွင်းယူခဲ့သည်။ ဂီတာဖေးက အိမ်ကွင်း၌ ဘာစီလိုနာကို ဦးဆောင်ဂိုးနှစ်ဂိုးသွင်းယူခဲ့သည်။

နိုင်ခဲ့

သို့သော်လည်း ပက်ဒရိုက ပထမပိုင်းမပြီးမီ ကိုးမိနစ်အတွင်း ဟက်ထရစ်ဂိုးသွင်းယူ၍ ပြန်လည်ဦးဆောင်သည်။ ဘာစီလိုနာအတွက် အနိုင်ဂိုးနှစ်ဂိုးကို ဖာဘရီဂတ်စ်က တစ်ဦးတည်းသွင်းယူခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဘာစီလိုနာက ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ပလက်စီယို၏ နောက်ကျဂိုးဖြင့် အင်တာမီလန်အနိုင်ရ

အီတလီစီးရီးအေပြိုင်ပွဲများအဖြစ် ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်တာမီလန်က အေစီမီလန်ကို ပလက်စီယို၏ဂိုးဖြင့် အနိုင်ယူခဲ့သည်။

မီလန်က စောစောပိုင်းတွင် အခွင့်အရေးများကို ဖြုန်းတီးပစ်ခဲ့သည်။ အေစီမီလန်အသင်းမှ ကွတ်မန်နိုဗစ်ထွက်ခဲ့ရပြီး ၁၀ ဦးတည်းနှင့် ကစားခဲ့ရသည်။ မီလန်ပြိုင်ဘက်နှစ်သင်းသည် အကြိတ်အနယ်ကစားသော်လည်း ဂိုးမရှိသရေပွဲဖြင့် အဆုံးသတ်ရတော့မည့်အချိန်၌ ပလက်စီယိုက အင်တာမီလန်အတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ယင်းတို့နှစ်သင်းသည် ဇန်နဝါရီ ၆ ရက်တွင် စီးရီးအေပြိုင်ပွဲအဖြစ် ပြန်လည်ကစားရမည်ဖြစ်သည်။

အဒီဘာယော ပထမဆုံးပရီမီယာလိဂ်ဂိုးသွင်းယူ

တိုက်စစ်မှူး အဒီဘာယောသည် ယခုနှစ်ရာသီတွင် ပထမဆုံးပရီမီယာလိဂ်ဂိုးသွင်းယူပေးခြင်းဖြင့် နည်းပြမရှိဖြစ်နေသော စပါးက ဆောက်သမ်တန်ကိုအနိုင်ကစားရာတွင် ကူညီပေးနိုင်သည်။

စပါးအသင်းနည်းပြ ဘိုအာ့စ်အား အသင်းရလဒ်များ ဆိုးရွားမှုကြောင့် အလုပ်ဖြုတ်လိုက်ပြီး စပါးအသင်းတွင် နည်းပြမရှိ ဖြစ်နေသည်။ လောလောဆယ်တွင် လက်ထောက်နည်းပြရှားဟုက စပါးနည်းပြအဖြစ် တာဝန်ယူထားသည်။ ယင်းပြိုင်ပွဲတွင် စပါးက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ တိုဂိုတိုက်စစ်မှူး အဒီဘာယောသည် နည်းပြဘိုအာ့စ်လက်ထက်တွင် လူစားတစ်ပွဲသာလျှင် ကစားခွင့်ရခဲ့သည်။ ယင်းပြိုင်ပွဲတွင် စပါးက အနိုင်ရလိုက်သဖြင့် ယာယီနည်းပြရှားဟုသည် နည်းပြဖြစ်လာရန် မျှော်လင့်ထားသည်။

ဂျာမနီဘွန်ဒက်စ်လီဂါ ဂလာဘတ်နှင့် ဝုဖ်ဘတ်သရေကျ

ဂျာမနီဘွန်ဒက်စ်လီဂါပွဲစဉ် (၁၇) အဖြစ် ဇယားထိပ်ပိုင်းစာရင်းဝင် ဂလာဘတ်နှင့် ဝုဖ်ဘတ်တို့ ဒီဇင်ဘာ ၂၂ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ချေပဂိုးသွင်း

အိမ်ကွင်း ကစားအားကောင်းသည့် ဂလာဘတ်တို့ အနိုင်ရရှိရေးကြိုးစားသော်လည်း ဝုဖ်ဘတ်တို့ကလည်း ပြန်လည်ထိုးဖောက်နိုင်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ပြီးဆုံးခဲ့သည်။ ပွဲချိန် ၅၃ မိနစ်တွင် ဝုဖ်ဘတ်မှ တိုက်စစ်မှူး ဒိယေဂိုက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဂလာဘတ်တို့ ချေပဂိုးရရှိရေးကြိုးစားရာမှ ၅၉ မိနစ်တွင် ရာဖေးက ချေပဂိုးသွင်းပေးခဲ့သည်။

ပွဲချိန် ၆၄ မိနစ်တွင် ဂလာဘတ်မှ ဖာနန်ဒိုအရန်ဂိုက ဒုတိယဂိုး သွင်းယူ၍ ပွဲကိုဦးဆောင်ခဲ့သည်။ ပွဲပြီးရန် မိနစ်အနည်းငယ်အလို ၈၅ မိနစ်တွင် ဝုဖ်ဘတ်မှ အဘက်ဒေါ့က ချေပဂိုးသွင်းနိုင်ခဲ့သဖြင့် နှစ်ဂိုးစီသရေကျခဲ့သည်။ ဂလာဘတ်တို့အနေဖြင့် ယခုပွဲသရေကျခဲ့သဖြင့် အဆင့်(၃)နေရာသို့ ရောက်ရှိခဲ့သည်။

ကောင်းမြတ်သူ
စုစည်းသည်

လာလီဂါ နှင့် စီးရီးအေ ရပ်တည်မှု

သီဟ

စပိန်လာလီဂါ ပွဲစဉ်(၁၇)အပြီး ရပ်တည်မှုဇယား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ဘာစီလိုနာ	၁၇	၁၅	၁	၁	၄၆
၂	အက်သလက်တီကို	၁၇	၁၅	၁	၁	၄၆
၃	ရီးရဲမက်ဒရစ်	၁၇	၁၃	၂	၂	၄၁
၄	ဘီလ်ဘာအို	၁၇	၁၀	၃	၄	၃၃
၅	ဆိုစီဒက်	၁၇	၈	၅	၄	၂၉
၆	ဗီလာရီးရဲလ်	၁၇	၈	၄	၅	၂၈
၇	ဆီဗီလာ	၁၇	၇	၅	၅	၂၆
၈	ဂီတာဖေး	၁၇	၇	၂	၈	၂၃
၉	အက်စ်ပန်ညို	၁၇	၆	၄	၇	၂၂
၁၀	မာလာဂါ	၁၇	၅	၅	၇	၂၀
၁၁	ဗလန်စီယာ	၁၇	၆	၂	၉	၂၀
၁၂	ဂရန်နာဒါ	၁၇	၆	၂	၉	၂၀
၁၃	လီဗန်တေး	၁၇	၅	၅	၇	၂၀
၁၄	အဲလ်ချီ	၁၇	၄	၅	၈	၁၇
၁၅	ဆဲလ်တာဗီဂို	၁၇	၄	၄	၉	၁၆
၁၆	အဲလ်မာရီးယား	၁၇	၄	၄	၉	၁၆
၁၇	ဗယ်လာဒိုလစ်	၁၇	၃	၆	၈	၁၅
၁၈	အိုဆာဆူနာ	၁၇	၄	၃	၁၀	၁၅
၁၉	ဗယ်လက်ကာနို	၁၇	၄	၁	၁၂	၁၃
၂၀	ဘက်တစ်	၁၇	၂	၄	၁၁	၁၀

အီတလီစီးရီးအေ ပွဲစဉ်(၁၇)အပြီး ရပ်တည်မှုဇယား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ဂျူဗင်တပ်စ်	၁၇	၁၅	၁	၁	၄၆
၂	ရိုးမား	၁၇	၁၂	၅	၀	၄၁
၃	နာပိုလီ	၁၇	၁၁	၃	၃	၃၆
၄	ဖီအိုရင်တီးနား	၁၇	၁၀	၃	၄	၃၃
၅	အင်တာမီလန်	၁၇	၈	၇	၂	၃၁
၆	ဗီရိုနာ	၁၇	၉	၂	၆	၂၉
၇	တိုရီနို	၁၇	၆	၇	၄	၂၅
၈	ပါးမား	၁၇	၄	၈	၅	၂၀
၉	ဂျီနိုအာ	၁၇	၅	၅	၇	၂၀
၁၀	လာဇီယို	၁၇	၅	၅	၇	၂၀
၁၁	အူဒီးနိစ်	၁၇	၆	၂	၉	၂၀
၁၂	ကက်ဂလီယာရီ	၁၇	၄	၈	၅	၂၀
၁၃	အေစီမီလန်	၁၇	၄	၇	၆	၁၉
၁၄	ဆမ်ဒိုးရီးယား	၁၇	၄	၆	၇	၁၈
၁၅	အတ္တလန္တာ	၁၇	၅	၃	၉	၁၈
၁၆	ချီယေဗို	၁၇	၄	၃	၁၀	၁၅
၁၇	ဘိုလော့ဂ်နာ	၁၇	၃	၆	၈	၁၅
၁၈	ဆက်ဆူအိုလို	၁၇	၃	၅	၉	၁၄
၁၉	လီဗော်နို	၁၇	၃	၄	၁၀	၁၃
၂၀	ကာတာနီးယား	၁၇	၂	၄	၁၁	၁၀

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဗီတာမင်လက်နက်...လူတိုင်းအတွက်

သိပ္ပံစာရေးဆရာ ကိုကိုအောင်

ကမ္ဘာ့ဒေသအသီးသီးတွင် အသားအရောင်မတူသူများ၊ လူမျိုးစုမတူသူများ၊ ကိုးကွယ်သည့် ဘာသာမတူသူများ၊ ဓလေ့ထုံးတမ်း မတူသူများ၊ ဘာသာစကား မတူသူများသည် ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးစုများအလိုက် နေထိုင်လျက်ရှိကြသည်။ ထိုသို့သော မတူညီမှုများအနက် ကိုးကွယ်သည့်ဘာသာနှင့် ဓလေ့ထုံးတမ်းမတူညီမှုများသည် စားသောက်ပုံ၊ ဝတ်စားဆင်ယင်ပုံနှင့် နေထိုင်မှုပုံစံတို့ကိုလည်း အမျိုးမျိုးအဖုံဖုံဖြစ်လာစေသည်။

လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ လူမျိုးစုတစ်စုနှင့်တစ်စု စားသောက်နေထိုင်မှုပုံစံမတူညီကြခြင်းကြောင့် အစာအာဟာရအပေါ် နှစ်ခြိုက်ခုံမင်ကြပုံချင်းများလည်း ကွဲပြားခြားနားနေကြသည်။ လူမျိုးတစ်မျိုးက တန်ဖိုးထားစားသုံးသော အစားအစာတစ်ခုသည် အခြားသောလူမျိုးများအတွက် လုံးဝမစားဖူးသော အစားအစာမျိုးလည်း ဖြစ်နိုင်သလို၊ အကယ်၍ အစားအစာချင်းတူခဲ့လျှင်လည်း တန်ဖိုးထားစားသုံးမှု မတူညီကြခြင်းမျိုးလည်း ဖြစ်နိုင်သည်။

လူမျိုးစုအလိုက် ရှေးရိုးစဉ်လာယုံကြည်မှုများက ထိုလူမျိုးစု၏ ရွေးချယ်စားသောက်မှုပုံစံကို ကျောထောက်နောက်ခံပြုပေးခဲ့သည်။ ထို့အတူ လူမျိုးစုတစ်စု၏ စားသောက်မှုပုံစံသည် မျိုးရိုးစဉ်ဆက်ဆင်းသက်လာခဲ့ရာမှ ထိုလူမျိုးစုများ အခြေချနေထိုင်ရာနေရာ၏ ဒေသအစားအစာဖြစ်လာခဲ့သည်။ အခြားဒေသနိုင်ငံများမှ လာရောက်ကြသော ဧည့်သည်များကို ဒေသခံတို့က မိမိတို့၏ ဒေသအစားအစာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးရသည်ကို ဂုဏ်ယူလေ့ရှိကြသည်။

(၁၈)ရာစုမတိုင်မီ အချိန်အထိ လူတို့သည် မိမိတို့စားသုံးသော အစားအစာများက မိမိအတွက် မည်ရွေ့မည်မျှ အကျိုးသက်ရောက်မှုဖြစ်စေသည်ကို မသိရှိခဲ့ကြပေ။ အစားအစာတစ်မျိုးမျိုးကြောင့် ကျန်းမာရေးချို့ယွင်းမှုဖြစ်ရသည့်အခါများ၌ အစားအသောက်ကြောင့် ရောဂါဖြစ်ရသည်ဟု မတွေးမိကြသလို. . . တစ်ခါတစ်ရံ၌လည်း စားသင့်သော အစားအစာကို မစားမိသောကြောင့် ရောဂါထွေပြားနေရသည်ဟုလည်း မစဉ်းစားမိခဲ့ကြပေ။

ရောဂါတစ်ခုဖြစ်လာသည့်အခါ ရိုးရာကုထုံးဆေးဝါးများဖြင့်သာ ပျောက်ကင်းချမ်းသာရရအောင် ကုသခဲ့ကြသည်။ ထိုစဉ်ကာလများက ဆေးဖက်ဝင်အပင်ဟု စွဲမြဲစွာယုံကြည်ထားကြသော သစ်ပင်များ၏ အခေါက်၊ အပွေး၊ အတက်၊ အရွက်နှင့်အမြစ် စသည်တို့သည် ရောဂါပျောက်ကင်းချမ်းသာအောင်ကုသရာတွင် တန်ဖိုးကြီးသော ဆေးဝါးကုန်ကြမ်းများ ဖြစ်ခဲ့သည်။ ထိုဆေးဝါးကုန်ကြမ်းများဖြင့် ဖော်စပ်သော တိုင်းရင်းဆေးများစွာတို့သည် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်။

(၁၈)ရာစု၏ အလယ်ပိုင်းကာလသို့ ရောက်ရှိလာသည့်အခါ ရောဂါများကို ကုသရာတွင် ဆေးဝါးသက်သက်ကိုသာ အားကိုးနေခြင်းထက် အစာအာဟာရဖြင့်ပေါင်းစပ်ကုသခြင်းက ပို၍ထိရောက်မှုရှိသည်ကို စတင်ဖော်ထုတ် တွေ့ရှိလာရသည်။

၁၇၄၀ ခုနှစ်က စကော့တလန်လူမျိုး ဂျိမ်းစ်လင်း(James Lind)သည် ဗြိတိသျှရေတပ်မတော်၏ ဆေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ထိုစဉ်က ရေတပ်သားအများစုတို့သည် စကာဗီ (Scurvy)ဟုခေါ်သော ရောဂါဝေဒနာကို ခံစားနေကြရသည်။

ဒေါက်တာလင်းသည် ရေတပ်သားများခံစားနေရသော ရောဂါဝေဒနာကို ၎င်းတို့၏စားသောက်မှုပုံစံနှင့်ချိန်ထိုးပြီး ကြိမ်ဖန်များစွာ စဉ်းစားသုံးသပ်ခဲ့သည်။ ရေတပ်သင်္ဘောသားများ၏ သဘာဝအရ လပေါင်းများစွာကြာအောင် ပင်လယ်ထဲသို့သွားနေကြရသည့်အတွက် သင်္ဘောပေါ်၌ အသင့်ပါလာသည့် အစားအသောက်များကိုသာ အကန့်အသတ်ဖြင့်စားသောက်နေကြရပြီး အဆိုပါအစားအသောက်များမှလွဲ၍ ကျန်အစားအစာများကို စားသောက်ခွင့်မရကြပေ။ ထိုအခြေအနေသည် ရေတပ်သားများခံစားနေကြရသည့် စကာဗီရောဂါနှင့်ဆက်စပ်မှုရှိနိုင်ကြောင်း ဒေါက်တာလင်းက ကောက်ချက်ချခဲ့သည်၊

ထို့ကြောင့်ပင် ရောဂါဖြစ်နေသော ရေတပ်သားများကို အုပ်စုနှစ်ခုခွဲ၍ ပထမအုပ်စုကို သံပရာသီး၊ လိမ္မော်သီးစသောအသီးအနှံများ စားသောက်စေပြီး ကျန်အုပ်စုတစ်စုကို မူလအခြေအနေအတိုင်းထားကာ ရက်အတန်ကြာစမ်းသပ်ခဲ့သည်။ အသီးအနှံစားရသော ပထမအုပ်စုသည် ခုနစ်ရက်အတွင်းမှာပင် သွေးယိုစိမ့်သည့်ရောဂါသက်သာလာကြောင်း တွေ့ရှိရပြီး အသီးအနှံမစားရသော ဒုတိယအုပ်စုမှာ ရောဂါအခြေအနေ ပိုဆိုးလာကြောင်း စမ်းသပ်တွေ့ရှိရသည်။

ရှောက်၊ သံပရာ၊ လိမ္မော်အစရှိသော အချဉ်ဓာတ်ပါသည့်သီးနှံများသည် စကာဗီရောဂါမဖြစ်ပွားအောင် ကာကွယ်နိုင်ကြောင်းနှင့်ဖြစ်ပွားခဲ့လျှင်လည်း အဆိုပါအသီးအနှံများကို စားသုံးစေခြင်းဖြင့်ကုသနိုင်ကြောင်း ဒေါက်တာလင်းက စတင်ဖော်ထုတ်တွေ့ရှိခဲ့သည်။

၁၉၁၂ ခုနှစ်တွင် ပိုလန်လူမျိုးသိပ္ပံပညာရှင်ကာစီမီယာဖန့် (Carsimir Funk)က စပါးကိုအခွံချွတ်လိုက်သည့်အခါ ဆန်စေ့ပေါ်၌ ကျန်ရစ်ခဲ့သော ဓာတ်ပစ္စည်းတစ်မျိုးသည် ရောဂါဝေဒနာအချို့ကို ကုသနိုင်ကြောင်း သုတေသနပြုတွေ့ရှိခဲ့သည်။ ဒေါက်တာဖန့်အနေဖြင့် ဆန်စေ့ပေါ်၌ ကျန်ရစ်ခဲ့သော ဓာတ်ပစ္စည်းသည် လူ့ခန္ဓာကိုယ်အတွက် အလွန်လိုအပ်သော ဓာတုပစ္စည်းများထဲမှ တစ်ခုအပါအဝင်ဖြစ်ကြောင်း ကောင်းစွာယုံကြည်လက်ခံခဲ့သည်။ အဆိုပါဓာတုပစ္စည်းကို အမင်း (Amine)ဟုခေါ်ဆိုပြီး လက်တင်ဘာသာစကားဖြစ်သော ဗီတာ(Vita)နှင့်ပေါင်းစပ်၍ ဗီတာမင်း(Vitamine)ဟု ခေါ်တွင်စေခဲ့သည်။ ဗီတာဆိုသောစကားလုံး၏အဓိပ္ပာယ်မှာ အသက်ဖြစ်သည့်အတွက် ဗီတာမင်းဆိုသည်မှာ လူ့အသက်အတွက် အလွန်လိုအပ်သော ဓာတုပစ္စည်းဟု အဓိပ္ပာယ်ရသည်။

ဒေါက်တာကာစီမီယာဖန့်၏ နောက်ပိုင်းဆေးသိပ္ပံပညာရှင်များက စဉ်ဆက်မပြတ်သုတေသနပြုဖော်ထုတ်ချက်များအရ ဗီတာမင်းတိုင်းသည် Amine (ခေါ်) ဓာတုပစ္စည်းမဟုတ်ကြောင်း တွေ့ရှိလာရသည့်အတွက် မူလစကားလုံး ဗီတာမင်း (Vitamine) ထဲမှ (e)အက္ခရာကိုဖြုတ်ပြီး ဗီတာမင် (Vitamin) ဟူ၍ ပြောင်းလဲခေါ်ဝေါ်အမည်တွင်စေခဲ့သည်။

ဤသည်မှာကား. . . လူ့ဘဝတစ်လျှောက် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ဗီတာမင်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း ဆေးသိပ္ပံပညာရှင်တို့က ဖော်ထုတ်အသိပေးခဲ့ကြခြင်းဖြစ်သည်။ သာမန်အားဖြင့် လူတို့နေ့စဉ်စားသုံးနေသည့် အစားအသောက်များမှတစ်ဆင့် လူ့ခန္ဓာကိုယ်အတွက် ဗီတာမင်ကိုရရှိပြီး ယင်းသို့ရရှိနေသည့်အတွက်သာ ကျန်းကျန်းမာမာဖြင့် နေထိုင်နိုင်ကြခြင်းဖြစ်သည်။

ဗီတာမင်သည် လူ့ဘဝတစ်သက်တာ ကျန်းမာပျော်ရွှင်ရေးအတွက် မည်မျှအရေးပါကြောင်းကို သိရှိကြသူမှာ အလွန်နည်းပြီး လူအများစုအနေဖြင့် ဗီတာမင်၏ အရေးပါမှုကို မသိရှိကြပေ။ ဗီတာမင်၏ အကြောင်းကိုလည်း စိတ်ဝင်စားမှုအလွန်နည်းကြသလို မိမိခန္ဓာကိုယ်အတွက် ထာဝရမိတ်ဆွေဖြစ်ရမည့်ဗီတာမင်နှင့် ရင်းနှီးကျွမ်းဝင်အောင် ပြုလုပ်ရမည်ကိုလည်း မသိရှိ

လူ့ခန္ဓာကိုယ်အတွက် လိုအပ်သောဗီတာမင်ဓာတ်ကို လုံလုံလောက်လောက် မဖြည့်ဆည်းနိုင်ပါက ဗီတာမင်ချို့တဲ့မှုကြောင့် ဆက်စပ်ဖြစ်ပေါ်လာသည့် ရောဂါဝေဒနာများကို ခံစားကြရသည်။ အကယ်၍ ဗီတာမင်အလုံအလောက် မရရှိမှုကြောင့် ဆက်စပ်ဖြစ်ပေါ်လာမည့်ရောဂါဝေဒနာတို့မှ ရှောင်ရှားနိုင်ရန်အတွက် ဗီတာမင်ပါဝင်သော ဆေးဝါးများကို ဖြည့်စွက်စားသုံးရန် လိုအပ်ကြောင်း ဆေးသိပ္ပံပညာရှင်တို့က ထောက်ပြခဲ့ကြသည်။

သို့ရာတွင် ဗီတာမင်သည် လူ့ဘဝတစ်သက်တာ ကျန်းမာပျော်ရွှင်ရေးအတွက် မည်မျှအရေးပါကြောင်းကို သိရှိကြသူမှာ အလွန်နည်းပြီး လူအများစုအနေဖြင့် ဗီတာမင်၏ အရေးပါမှုကို မသိရှိကြပေ။ ဗီတာမင်၏အကြောင်းကိုလည်း စိတ်ဝင်စားမှုအလွန်နည်းကြသလို မိမိခန္ဓာကိုယ်အတွက် ထာဝရမိတ်ဆွေဖြစ်ရမည့် ဗီတာမင်နှင့် ရင်းနှီးကျွမ်းဝင်အောင် ပြုလုပ်ရမည်ကိုလည်း မသိရှိခဲ့ကြပေ။

ဆေးသိပ္ပံဆိုင်ရာ သုတေသနပညာရှင်များသည် ရာစုနှစ်တစ်စုတာကာလအတွင်း ဗီတာမင်အမျိုးပေါင်း ၁၄မျိုးကို ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ဗီတာမင်များထဲ၌ပင် အဆီတွင်ပျော်ဝင်နေသော ဗီတာမင်နှင့် ရေတွင်ပျော်ဝင်နေသော ဗီတာမင်များဟူ၍ ထပ်မံခွဲခြားထားသည်။ အဆီတွင်ပျော်ဝင်သော ဗီတာမင်များမှာ ဗီတာမင် A၊ ဗီတာမင် D၊ ဗီတာမင် E နှင့် ဗီတာမင် K တို့ ဖြစ်ကြသည်။ ဗီတာမင် B_1၊ ဗီတာမင် B_2၊ ဗီတာမင် B_3၊ ဗီတာမင် B_5၊ ဗီတာမင် B_6၊ ဗီတာမင် B_{12}နှင့် ဖောလစ်အက်စစ်တို့သည် ရေတွင်ပျော်ဝင်သော ဗီတာမင် အမျိုးအစားများ ဖြစ်ကြသည်။

ဗီတာမင် Aသည် လူ့ခန္ဓာကိုယ်အတွင်းရှိ တစ်သျှူးများခြောက်မသွားအောင် အထောက်အကူပေးသည့်အပြင် မျက်စိအမြင်အားကောင်းစေရန်အတွက်လည်း များစွာအထောက်အကူပြုသည်။ ဗီတာမင် Aကို ငါးကြီးဆီနှင့် ကြက်ဥ၊ ဘဲဥစသော ဥများ၏အဝါရောင်အနှစ်တို့ကို စားသုံးခြင်းအားဖြင့်လည်းကောင်း၊ ကန်စွန်းဥ၊ မုန်လာဥနှင့် အဝါရောင်ဟင်းသီးဟင်းရွက်များ၊ အစိမ်းရောင်ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းအားဖြင့် လည်းကောင်း ရရှိနိုင်သည်။ ဗီတာမင် A ချို့တဲ့မှုများပြားလာပါက အမြင်အာရုံလျော့နည်းလာခြင်းမှ မျက်စိကွယ်သည်အထိ ဖြစ်နိုင်ကြောင်း ဆေးသိပ္ပံပညာရှင်များက သတိပေးထားကြသည်။

ဗီတာမင် Bသည်အုပ်စုတစ်စုဖြစ်ပြီး B_1၊ B_2 စသောအုပ်စုဝင် ဗီတာမင်များပါဝင်နေသည်။ ဗီတာမင် B_1သည် နှလုံးနှင့်အာရုံကြောများ ချောမွေ့စွာလှုပ်ရှားလည်ပတ်နိုင်အောင် ကောင်းစွာအထောက်အကူပြုပေးသည်။ ဗီတာမင် B_1 ချို့တဲ့ပါက ဘယ်ရီဘယ်ရီ (Beri Beri)ခေါ် ဗီတာမင်ချို့တဲ့ အားနည်းသည့်ရောဂါကို ခံစားရနိုင်သည်။ ဆန်လုံးညိုနှင့် ဂျုံစသည်တို့မှ ဗီတာမင် B_1 ကို အဓိကရရှိနိုင်ပြီး ပဲ၊ ပဲသီး၊ အခွံမာသီး၊ အသားနှင့်ငါးစသည်တို့ကို စားသုံးခြင်းအားဖြင့်လည်း ရရှိနိုင်သည်။

ဗီတာမင် B_2 သည် နှုတ်ခမ်းကွဲခြင်းနှင့် ကြီးကန်းပါးစပ်ဖြစ်ခြင်းတို့မှ ကာကွယ်ပေးနိုင်သော ဗီတာမင်တစ်မျိုးဖြစ်သည်။ ယင်းဗီတာမင်ကို ရရှိနိုင်သော အစားအစာများမှာ ပဲစင်းငုံ၊ မြေပဲ၊ ဥအနှစ်၊ တိရစ္ဆာန်တို့၏ အသည်းနှင့် နှလုံးစသည်တို့ ဖြစ်ကြသည်။ ဗီတာမင် B အုပ်စုဝင်တစ်မျိုးဖြစ်သော ဗီတာမင် B_3 ကမူ အရေပြားရောင်ရမ်းခြင်း၊ ဝမ်းလျှောခြင်းတို့မှ ကာကွယ်ပေးနိုင်ပြီး ဗီတာမင် B_3 ကို အဓိကအားဖြင့် မြေပဲမှရရှိနိုင်သည်။

ဗီတာမင် B_{12} သည် ခန္ဓာကိုယ်အတွင်းရှိ အာရုံကြောများ အားကောင်းစေရန်နှင့် သွေးအားကောင်းစေရန် အဓိကအထောက်အပံ့ပြုသည်။ နွားနို့၊ ကြက်ဥ၊ အသား၊ ငါးနှင့်အသည်းစသည်တို့ကိုစားသုံးခြင်းအားဖြင့် ဗီတာမင် B_{12} ကို ရရှိနိုင်သလို ပဲပင်၊ ပဲသီး၊ ပဲညွန့်နှင့် အချဉ်ဓာတ်ပါသော ရှောက်၊ သံပရာ စသည့်အသီးများမှလည်းရရှိနိုင်သည်။

အခြားဗီတာမင်တစ်မျိုးဖြစ်သည့် ဖောလစ်အက်စစ် (Folic Acid) ကမူ ကလေးငယ်များတွင်ဖြစ်ပွားတတ်သော ရောဂါဝေဒနာများကို ကာကွယ်ပေးနိုင်သည့် အာနိသင်နှင့် ပြည့်စုံသည်။ သဘာဝအစားအစာမှတစ်ဆင့် မဟုတ်ဘဲ တိုက်ရိုက်သောက်သုံးခြင်းဖြင့်သာ ရရှိနိုင်သော Folic Acid သည် ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက် အကောင်းဆုံးသော ဗီတာမင်ဆေးဝါးတစ်မျိုးအဖြစ် တစ်ကမ္ဘာလုံးတွင် ကျယ်ပြန့်စွာ သုံးစွဲလျက်ရှိနေကြသည်။

ဗီတာမင်အမျိုးအစားများအနက် လူသိများထင်ရှားသော ဗီတာမင်တစ်မျိုးမှာ ဗီတာမင် Cပင် ဖြစ်သည်။ ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်မှုကောင်းစေရန်အတွက်လည်းကောင်း၊ အနာဒဏ်ရာများကို အလွယ်တကူကျက်စေရန်အတွက်လည်းကောင်း၊ အရိုးနှင့်သွားများကို ခိုင်မာစေရန်အတွက်လည်းကောင်း ကောင်းစွာအထောက်အကူပြုပေးသည့် ဗီတာမင် C ကို အချဉ်ဓာတ်ပါသောအသီးများနှင့် ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်စသည်တို့ကို စားသုံးခြင်းအားဖြင့် ရရှိနိုင်သည်။

ဗီတာမင် Dသည် သွေးထဲ၌ ကယ်လ်စီယမ်ဓာတ်ကြွယ်ဝစေရန်အတွက်လည်းကောင်း၊ အာရုံကြောနှင့် ကြွက်သားကလာပ်စည်းများ အားကောင်းစေရန်အတွက်လည်းကောင်း၊ ကလေးငယ်များအတွက် အရိုးပျော့ရောဂါမှ ကာကွယ်ပေးရန်အတွက်လည်းကောင်း ထိရောက်စွာ အထောက်အကူပြုသည်။ ဗီတာမင် D ကို ငါးကြီးဆီနှင့် ဥအမျိုးမျိုးတို့ကိုစားသုံးခြင်းအားဖြင့် လွယ်လင့်တကူရရှိနိုင်သည်။

လူ့ခန္ဓာကိုယ်၏ အိုမင်းရင့်ရော်ခြင်းကို ကောင်းစွာအကာအကွယ်ပြုပေးနိုင်သော ဗီတာမင်တစ်မျိုးမှာ ဗီတာမင် E ပင်ဖြစ်သည်။ ဗီတာမင် E သည် ဟင်းသီးဟင်းရွက်ဆီ၊ ပဲပိစပ်ဆီ၊ နေကြာစေ့နှင့် ပြောင်းဖူးစသည်

စာမျက်နှာ ၁၁ သို့

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဟောပြော

တောင်ငူ ဒီဇင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် နောင်ကုန်းကျေးရွာတွဲဖက်အလယ်တန်းကျောင်း၌ ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးထုတ်လုပ်မှု တိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၈ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးကျော်မင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးဝင်းတင်၊ ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်(**ယာယီ**)နှင့်မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ခင်မျိုးနိုင်တို့က ဟောပြောကြသည်။

အဆိုပါ အခမ်းအနားသို့ ဒေသခံကျေးလက်ပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ခန့် တက်ရောက်ကြ၍ ကျောက်ကြီးမြို့နယ် ငါးလုပ်ငန်းရှင်များက ကျောင်းသားတစ်ဦးလျှင် ဗလာစာအုပ်နှစ်အုပ်စီ ထောက်ပံ့ပေးအပ်ကြပြီး ဘက်ထရီရှော့ခ်တိုက်၍ ငါးဖမ်းဆီးသူနှစ်ဦးတို့ကို လက်ရဖမ်းဆီးကာ သက်ဆိုင်ရာသို့အပ်နှံနိုင်ခဲ့သည့်တာဝန်သိကျောက်ကြီးမြို့နယ် ကျွဲခြံကျေးရွာမှ ဦးစောကွာလာကို တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းက ဆုငွေကျပ် ၅၀၀၀၀နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့ကြောင်းသိရသည်။ **(၁၁၅)**

အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂၃

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၅၊ ၆ ရက်၊ (၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၀ နှင့် ၂၁ ရက်၊ တနင်္လာ၊ အင်္ဂါနေ့)များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် ၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက်၊ (၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက်၊ တနင်္ဂနွေနေ့)နောက်ဆုံးထား၍ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူပါရန်ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများအချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၃

အမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF) မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သဖန်းချောင်းကျေးရွာအုပ်စု စိန်ပန်းခိုင်ကျေးရွာသို့ သွားရောက်၍ အမှတ်(၉)ဘုန်းတော်ကြီးပညာသင်ကျောင်း၌ သင်ကြားလျက်ရှိသော မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်၊ ခဲတံနှင့် မုန့်ထုပ်များ ပေးအပ်ကာ ကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး ကိစ္စများအား သင်ကြားပြသသည်။

MWCDF မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းတွင် သံဃာတော်များအား ဝတ္ထုငွေ၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းများ ဆက်ကပ်ခဲ့သည်။ ဆက်လက်၍ ကျေးရွာအတွင်းရှိ အဘိုး အဘွား ၂၂ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ငွေနှင့်အဝတ်အထည်၊ ဆေးဝါးပစ္စည်းများ လှူဒါန်းပေးအပ်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူ ရွာသားများအား စာသင်ကျောင်း၊ သန့်စင်ခန်းဆောက်လုပ်ရေး ကိစ္စများအား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ကျေးရွာမီးလင်းရေး၊ ကျေးရွာရေရရှိရေး ကိစ္စများအား ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အားကစားနည်းအလိုက် မြန်မာနိုင်ငံ ရွှေ၊ ငွေ၊ ကြေး ဆုရရှိမှုဇယား

စဉ်	အားကစားနည်း	ရွှေ	ငွေ	ကြေး
၁	ပြေးခုန်ပစ်	၂	၄	၇
၂	မြားပစ်	၁	၀	၃
၃	ဘီလီယက်၊စနူကာ	၁	၅	၅
၄	ကာယဗလ	၂	၂	၀
၅	လက်ဝှေ့	၂	၂	၂
၆	ကနူး	၅	၅	၂
၇	စစ်တုရင်	၄	၁	၃
၈	ခြင်းလုံး	၆	၀	၀
၉	စက်ဘီး	၀	၀	၁
၁၀	ဒိုင်ဗင်	၀	၁	၁
၁၁	မြင်းစီး	၀	၃	၀
၁၂	ဘောလုံး	၀	၀	၁
၁၃	ဂေါက်	၀	၃	၀
၁၄	ဟော်ကီ	၀	၀	၂
၁၅	ဂျူဒို	၄	၄	၃
၁၆	ကရာတေးဒို	၂	၂	၆
၁၇	ကန်ပို	၆	၀	၇
၁၈	မွေ	၄	၃	၃
၁၉	ပန်ကြပ်ဆီလတ်	၃	၄	၃
၂၀	ပီတန်း	၃	၀	၁
၂၁	အနောက်တိုင်းလှေ	၁	၂	၂
၂၂	ရွက်လှေ	၂	၁	၂
၂၃	ပိုက်ကျော်ခြင်း	၄	၄	၂
၂၄	သေနတ်ပစ်	၁	၂	၁
၂၅	ရေကူး	၀	၀	၁
၂၆	တိုက်ကွမ်ဒို	၄	၁	၆
၂၇	ရိုးရာလှေ	၁၄	၁	၂
၂၈	ဗိုဗီနမ်	၆	၂	၆
၂၉	အလေးမ	၁	၂	၂
၃၀	ဝူရှူး	၅	၅	၅
၃၁	နပန်း	၃	၃	၆
	စုစုပေါင်း	၈၆	၆၂	၈၅

ပြည်တွင်းသတင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကူညီပံ့ပိုးပေးခဲ့သည့် တရုတ်နိုင်ငံမှ နည်းပြဆရာများအားဂုဏ်ပြု

နေပြည်တော် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံအနေဖြင့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် G to G အစီအစဉ်အရ ကူညီပံ့ပိုးပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နည်းပြဆရာများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Room ၌ ကျင်းပရာ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအား မူလဖြစ်သင့်သည့်အတိုင်းအတာထက် ပိုမိုအောင်မြင်မှုများ ရရှိခဲ့ခြင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် အစိုးရထံမှ အကူအညီများစွာ ရရှိခဲ့သဖြင့် နိုင်ငံအလိုက်အဆင့် (၂)နေရာရရှိကာ ထိုက်သင့်သည့် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့အားကစားအောင်မြင်မှုသည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတစ်ရပ်လုံး၏ အောင်မြင်မှုဖြစ်သဖြင့် ငွေကြေးဖြင့်လဲလှယ်၍မရသော ဂုဏ်ဒြပ်ဖြစ်ကြောင်း၊ ယခုအောင်မြင်မှုဖြင့် မြန်မာ့အားကစားလုပ်ငန်းများအား ရပ်တန့်ထား၍မရဘဲ အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတ နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့ဆက်ကူညီဆောင်ရွက်ပေးနိုင်ပါရန် ဖိတ်ခေါ်ပါကြောင်းနှင့် ကိုယ်ရောစိတ်ပါ လာရောက်သင်ကြားပြသပေးခဲ့သည့် နည်းပြများအားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှနည်းပြ ဆရာများအား အမှတ်တရ လက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်းသို့ ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် G to G အဖွဲ့ခေါင်းဆောင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၌ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအား လာရောက်ပါဝင်ကူညီခွင့်ရရှိခဲ့သဖြင့် တရုတ်-မြန်မာဆက်ဆံရေး ပိုမိုနက်ရှိုင်းလေးနက်ပြီး မြန်မာပြည်သူများနှင့် ထပ်တူဝမ်းမြောက် ပျော်ရွှင်ပါကြောင်း၊ တရုတ်-မြန်မာဆက်ဆံရေး နောင်နှစ်ပေါင်း ၁၀၀၀ ကျော်ရှည်ပါစေကြောင်းဖြင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးသောင်းထိုက်က တရုတ်နိုင်ငံမှ အဖွဲ့ခေါင်းဆောင်ထံ ပြိုင်ပွဲကျင်းပရေးအထိမ်းအမှတ်လက်ဆောင်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ရန်ကုန်ဇုန်)တွင် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသည့် အထောက်အကူပြုအဖွဲ့အစည်းများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ရန်ကုန်ဇုန်)တွင် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသည့် အထောက်အကူပြုအဖွဲ့အစည်းများအားဂုဏ်ပြုပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။ (အောက်ပုံ)

ဂုဏ်ပြုပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘောလုံး၊ နပန်း၊ ကမ်ပို၊ အလေးမ၊ ကိုယ်ကာယကြံ့ခိုင်မှု၊ သေနတ်ပစ်နှင့် ဟော်ကီအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ တိုင်းဒေသကြီးအား/က ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မီးရှူးတိုင်သယ်ယူရေးအထောက်အကူပြု အဖွဲ့ဝင်များ၊ အလံတင်အဖွဲ့ဝင်များ၊ ဆု/ဗန်းကိုင်အမျိုးသမီးများ၊ ကျန်းမာရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ ဖျော်ဖြေရေးအဖွဲ့ဝင်များနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲတွင်ပါဝင်သည့် ဖျော်ဖြေရေးအဖွဲ့ဝင် ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များတက်ရောက်ကြသည်။

ဂုဏ်ပြုပွဲတွင်ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအား အိမ်ရှင်နိုင်ငံ၏တွဲဖက်မြို့တော်အဖြစ် အားကစားပြိုင်ပွဲ၏ အနှစ်သာရဖြစ်သည့် မီးရှူးတိုင်စတင်ထွန်းညှိသယ်ဆောင်ခြင်း၊ နိုင်ငံအလိုက်အလံတင်ခြင်း အခမ်းအနားကိုလည်း စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ဝိုင်းဝန်းဆောင်ရွက်ကြပါသော ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ Sponsor ကုမ္ပဏီမှ မိတ်ဆွေများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လုပ်သားပြည်သူများအားလုံး တိုင်းဒေသကြီး၏ဂုဏ်ကို မြှင့်တင်ပေးကြသည့်အတွက် ကျေးဇူးတင်ကြောင်း ထပ်လောင်းပြောကြားလိုကြောင်း။

အားကစားပြိုင်ပွဲ ကျင်းပခြင်းသည် ဒေသတွင်းနိုင်ငံများ၏ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ အပြန်အလှန်အကူအညီပေးနိုင်မှုတို့ကို ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေနှင့် (Green, Clean & Friendship) ချစ်ကြည်၊ ရင်းနှီး၊ စိမ်းလန်းခြင်းဆိုသည့် ရည်ရွယ်ချက်ထားရှိပြီး လက်ခံကျင်းပခဲ့ကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေနှင့်လည်း ပြိုင်ပွဲကျင်းပရေး (ရန်ကုန်ဇုန်)ဆပ်ကော်မတီ (၁၁) ခုကို ဖွဲ့စည်းပြီး ကြိုတင်စီမံမှုအပိုင်း၊ လုံခြုံရေးနှင့် ပြိုင်ပွဲကျင်းပရေးအပိုင်းများကို စနစ်တကျဆောင်ရွက်ခဲ့ကြောင်း။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို အောင်မြင်စွာ လက်ခံကျင်းပနိုင်ခြင်းသည် ဒေသတွင်း နိုင်ငံများသာမက အာရှနှင့် ကမ္ဘာသို့ပါ မိမိနိုင်ငံနှင့် ဂုဏ်သိက္ခာအဆင့်အတန်းကို ထုတ်ဖော်ပြသရာ ရောက်ကြောင်း။

ထို့ကြောင့် ပြိုင်ပွဲကျင်းပရေး (ရန်ကုန်ဇုန်)တွင် လုပ်ငန်းတာဝန်အလိုက် အသီးသီးတာဝန်ယူဆောင်ရွက်ခဲ့ကြသော တာဝန်ရှိပုဂ္ဂိုလ်များအားလုံး၊ လိုအပ်သည်များကို ကူညီပံ့ပိုးပါသော Sponsor မိတ်ဆွေများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆုရ အားကစားသမားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေ၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းများမှ တာဝန်များကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဂုဏ်ပြုနှုတ်ခွန်းဆက်အမှာစကားအား ပရိုဂျက်တာဖြင့် ဖွင့်လှစ်ပြသသည်။

ယင်းနောက် တက်ရောက်လာသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ညစာသုံးဆောင်နေစဉ် ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူလေးများက တေးသံသာများဖြင့် ဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးသည့်အဖွဲ့များအား မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးသည့် အဖွဲ့များအား နိုင်ငံတော်သမ္မတက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညွန့်ထွန်း၊ ပြည်ထောင်စုလွှတ်တော် နာယကပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ရာတွင် ပါဝင်ခဲ့ကြသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့သူများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

Liaison Officer အဖွဲ့ကိုယ်စား ဦးနိုင်ခေတ္တရာ၊ Volunteer အဖွဲ့ကိုယ်စား ဦးဟန်လင်းအောင်၊ Work Force အဖွဲ့ကိုယ်စား ဦးနေလင်း၊ GMS အဖွဲ့ကိုယ်စား နည်းပညာတက္ကသိုလ် (တောင်ကြီး)မှ ကထိက ဦးအောင်ကျော်ဦး၊ ဗဟိုနည်းပြ၊ ဆင့်ပွားနည်းပြ၊ အုပ်ချုပ်သူနည်းပြ၊ Count down အစီအစဉ်၊ စောင်းတော်သိင်္ဂါဆိုင်း မင်္ဂလာအစီအစဉ်၊ စစ်ရေးပြအဖွဲ့နှင့် ရွှေအုန်းပင် ဦးဝင်းမြင့်ကိုယ်စား ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ၊ အမျိုးသား

အမွေ
တို့အ
အစီ
များ
ဌာနမ
သွေး
ထာဝ
အစီ
များ
မှ အ
နိုင်ငံ
ဆင်
ကို
ယဉ်
ပညာ
ရောင်
မာန်
ကို
ယဉ်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးသည့်အဖွဲ့များအား နိ ဧည့်ခံသောဂုဏ်ပြုညစာစားပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ကျင်းပစဉ်။

❋ *ကျောဖုံးမှ*

ထိန်းသိမ်းပေးနိုင်မည့်နေရာ သိနိုင်ဖို့အတွက် ၂၁ ရက်မှာ ဆက်သွယ်ခဲ့သေးတယ်။ နယ်ထိန်း အောင်မြင့်ဦးကတစ်ဆင့် သက်ဆိုင်ရာခရိုင်သစ်တော၊ မြို့နယ်သစ်တောဦးစီးဌာနများသို့ ဖုန်းဖြင့် ဆက်သွယ်ဆောင်ရွက်ပေးခဲ့တယ်။ မြို့နယ်သစ်တောဦးစီးဌာနကလည်း လာရောက်ကြည့်ရှုခဲ့တယ်။ ဒါပေမယ့် အဲဒီညနေ ၃နာရီခွဲမှာ ငှက်ကြီးသေဆုံးခဲ့တယ်” ဟု ဦးမြတ်သွေးက ပြောသည်။ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူက ၎င်းငှက်ကို ချိန်တွယ်ရာ အလေးချိန် ၅ ပိဿာနှင့် ၁၅ ကျပ်သားရှိပြီး အတောင်ပံတစ်ဖက် နှစ်ပေခွဲရှိကာ နှစ်ဖက်ဖြန့်လိုက်ပါက ငါးပေထိရှိကြောင်း၊ မြောက်ပိုင်း အအေးလွန်ကဲခြင်းကြောင့် တောင်ပိုင်းသို့ ဆောင်းခိုရန် ပျံသန်းလာစဉ် ကျရောက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း လင်းတအနွယ်ဝင်ငှက်ကြီးဖြစ်ကြောင်း ဒေသခံများကို ရှင်းပြခဲ့သည်။

သေဆုံးသွားသော ဆောင်းခိုငှက် အနွယ်ဝင်ငှက်ကြီးကို ညနေ ၄ နာရီတွင် ကောင်းမွန်စွာ မီးရှို့သဂြိုဟ်ခဲ့ကြောင်း လှာကာကျေးရွာသားများက ပြောသည်။

ထွန်းထွန်းထွေး(ဘားအံ)

ကညန တွင် ယာဉ်အိုယာဉ်ဟောင်း ၆၂၉၈၇ စီး အပ်နှံပြီး

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (မြင်သာ)တိုင်းဦးစီးမှူးရုံးရှိ ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံပြီးအစားထိုးယာဉ်များတင်သွင်းရေးစီမံချက်အရ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်အထိ အပ်နှံပြီးသည့်ယာဉ်အို ယာဉ်ဟောင်း ‘စ’အက္ခရာမှ ‘အ’အက္ခရာအထိ အက္ခရာစုံ မော်တော်ယာဉ် စုစုပေါင်းမှာ ၆၂၉၈၇ စီးကျော်ရှိကြောင်း အဆိုပါဌာန၏ စာရင်းအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ‘အ’အက္ခရာ မော်တော်ယာဉ်အစီးရေ ၄၄၀၀ ကျော်ရှိသည့်အနက် ‘အ’အက္ခရာအပ်နှံပြီးသည့် ယာဉ်အစီးရေမှာ ၂၉၅၀ ကျော်ရှိကြောင်း ယင်းဌာနမှ သိရသည်။

အေးကို

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၇) ရက် အဖိတ်နေ့ ၂၄-၁၂-၂၀၁၃(အင်္ဂါနေ့)

နံနက်ပိုင်း

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၅ **ကြည်ညိုဖူးမြော်ဖွယ်ရာမျက်နှာသစ်တော်မင်္ဂလာ**
၇း၀၀ ပြည်တွင်းသတင်း
၇း၃၀ ပြည်သူတို့ရဲ့စကားသံများ
၉း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း

နေ့လယ်ပိုင်း

၁၁း၀၀ **မဏ္ဍိုင်(၃)ရပ် အခြေခံထား အာဆီယံစွမ်းပကား**
၁၃း၂၅ **ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ**
၁၄း၄၀ Business News

ညပိုင်း

၁၆း၀၀ ပြည်တွင်းသတင်း
၁၆း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(စီးပွားရေးပညာ၊ စီးပွားစီမံအထူးပြုများ)

၁၆း၄၅
၁၇း၁၅
၁၉း၀၀
၂၀း၀၀
၂၀း၄၀
၂၁း၀၀

ပြည်တွင်းသတင်းနှင့်သတင်းဆောင်းပါး

က် ကူညီ ားအား မှတ် များ ပေးအပ် fficer အဖွဲ့ ္တရာ၊ Volun- ဦးဟန်လင်း Force အဖွဲ့ ၊ GMS အဖွဲ့ ညာတက္ကသိုလ် ိက ဦးအောင် ်းပြ၊ ဆင့်ပွား ည်းပြ၊ Count စောင်းတော် လာအစီအစဉ်၊ ရွှေအုန်းပင် ယဉ်ကျေးမှု ညွန်ကြားရေး အမျိုးသား

အမွေအနှစ်မဟာပုဂံ၊ မျိုးဆက်သစ်တို့အားမာန်၊ တို့မြန်မာ့ခြင်းလုံး အစီအစဉ်များကို သင်ကြားပေးသူများကိုယ်စား ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကပညာရှင် ဒေါ်အုန်းရီ၊ သွေးချင်းတို့ဌာနေ မြန်မာပြည်၊ ထာဝရမြန်မာ၊ အနာဂတ်ကမ္ဘာမြေ အစီအစဉ်များကို သင်ကြားပေးသူများကိုယ်စား ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကပညာရှင် ဒေါ်စန်းနု၊ ရွှေနိုင်ငံက ကြိုနေမယ်၊ ပြန်ဆုံမယ်၊ ဆင်ရတနာအက အစီအစဉ်များကို သင်ကြားပေးသူများကိုယ်စား ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကပညာရှင် ဒေါ်နုနုခင်၊ ပွဲဦးအလင်္ကာ၊ ရောင်စုံပန်းများ၏ မြစ်ကြေးမုံ၊ အားမာန်ဝင့်ခြိ ရွှေ့သို့ဆီ အစီအစဉ်များကို သင်ကြားပေးသူများကိုယ်စား ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကပညာရှင် ဒေါ်နုနုစိန်၊ နည်းပညာဆိုင်ရာ အကြံပေးအဖွဲ့နှင့် ဗီဒီယို၊ ဓာတ်ပုံပညာရှင်များကိုယ်စား ဒါရိုက်တာ အကယ်ဒမီ စင်ရော်မောင်မောင်၊ တေးရေး၊ တေးဆို၊ တေးဂီတနှင့် တေးသံရှင်များကိုယ်စား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခ(ဂီတ)ဦးမောင်မောင်ဇော်ထက်(တေးရေး-ဓီရာမိုရ်)၊ ဒီဇိုင်နာအဖွဲ့နှင့် ဆိုင်းဘုတ်ကိုင်အဖွဲ့ကိုယ်စား ဒီဇိုင်နာ မမဥ္စူ မိတ်ကပ်ပညာရှင်၊ မိတ်ကပ်အဖွဲ့၊ အစီအစဉ်တင်ဆက်သူနှင့် အခမ်းအနားမှူးများကိုယ်စား Twelve Plus One Cosmetic Co.,Ltd. မှဒေါ်စီဆဲခမ်းလိုင်နှင့် နေပြည်တော်ကောင်စီနယ်မြေမှ အထောက်အကူပြုအဖွဲ့များကိုယ်စား နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေတို့က ဂုဏ်ပြုလွှာများ လက်ခံရယူခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုနှုတ်ခွန်းဆက်အမှာစကားကို ဗီဒီယိုရုပ်သံဖြင့် ထုတ်လွှင့်ပြသသည်။

(နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုနှုတ်ခွန်းဆက်အမှာစကားကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် နိုင်ငံတော်သမ္မတသည်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့သူများအား လှည့်လည်နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲတည်ခင်း ဧည့်ခံချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ သံစုံတီးဝိုင်းဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်သည်။

ယနေ့ကျင်းပသည့်အခမ်းအနားသို့ အနုပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဆက်သွယ်ဆက်ဆံရေးအရာရှိများ၊ စေတနာ့ဝန်ထမ်းများ၊ လုပ်အားပေးလူငယ်များ စုစုပေါင်း ၁၅၅၆၂ ဦး တက်ရောက်ခဲ့ကြသည်။

အလားတူ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ နိုင်ငံတော်သမ္မတကိုယ်စား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးသည့် အဖွဲ့များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အခမ်းအနားသို့ လုပ်အားပေးမောင်မယ် စုစုပေါင်း ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

...ပေးသည့်အဖွဲ့များအား နိုင်ငံတော်သမ္မတက တည်ခင်း
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့သူများအား ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အာရှစင်မြင့်သို့ တက်လှမ်းလာနိုင်ပြီဖြစ်သည့် မြန်မာ့ခြင်းလုံး

ရန်ကြီးအောင်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကား အောင်မြင်စွာကျင်းပပြီးစီးခဲ့ပေပြီ။ အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုတွင် ဒုတိယနေရာမှ အောင်ပန်းဆင်နိုင်ခဲ့သည်။ ယခင်ဆီးဂိမ်းပြိုင်ပွဲများတွင် အဆင့်(၆)၊ အဆင့်(၇)ဝန်းကျင်သာရရှိခဲ့ရာမှ ယခု မြန်မာ့မြေ၊ မြန်မာ့ရေတွင် ကျင်းပသည့်ပြိုင်ပွဲကြီး၌ ဒုတိယနေရာသို့ ခုန်ပျံကျော်လွှားရောက်ရှိလာခဲ့ခြင်းပင်ဖြစ်သည်။ တစ်ချိန်က မြန်မာတို့ ရွှေတံဆိပ်အများဆုံးဆွတ်ခူးရရှိခဲ့သည့် ဆီးဂိမ်းရွှေခေတ်သို့ တစ်ကျော့ပြန် ပြန်လည်ရောက်ရှိတော့မည့် အလားအလာကောင်းများကို ဤဆီးဂိမ်းပြိုင်ပွဲကြီး၌ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်။

ပြိုင်ပွဲကာလအတွင်း အားကစားနည်းအသီးသီးတွင် မြန်မာ့လက်ရွေးစင်အားကစားသမားများက ရွှေတံဆိပ်ဆုပေါင်းများစွာကို နေ့စဉ်ရက်ဆက်ဆွတ်ခူးပေးနိုင်ခဲ့သည်။ မြန်မာ့ဂုဏ်ကိုဆောင်နိုင်ခဲ့သည်။ အောင်မြင်မှုပေါင်းများစွာကို ဆောင်ကြဉ်းပေးနိုင်သည့်နည်းတူ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကြီးများကိုလည်း ကမ္ဘာ့အလယ်ခမ်းနားထည်ဝါစွာကျင်းပနိုင်ခဲ့သည်။ ခြုံ၍ဆိုရလျှင် မြန်မာ့လက်ရွေးစင်အားကစားသမားများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီအသီးသီးမှတာဝန်ရှိသူများက ဆီးဂိမ်းပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်အောင်၊ ရွှေတံဆိပ်ဆုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြပေသည်။

ထိုသို့ အောင်မြင်မှုပေါင်းများစွာရယူနိုင်ခဲ့သည့် အဆိုပါဆီးဂိမ်းပြိုင်ပွဲကြီးတွင် နိုင်ငံတကာပြိုင်ပွဲများ၌ တစ်ကြိမ်တစ်ခါမျှထည့်သွင်းကျင်းပနိုင်ခဲ့ခြင်းမရှိသည့် မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲကြီးကိုလည်း ကျင်းပပေးနိုင်ခဲ့သည်။ ယင်းခြင်းလုံးပြိုင်ပွဲကား မြန်မာ့သမိုင်းတွင် ကမ္ပည်းမော်ကွန်း ရေးထိုးရမည့် ပြိုင်ပွဲကြီးတစ်ရပ်ပင်ဖြစ်သည်။

စင်စစ်မြန်မာ့ရိုးရာခြင်းလုံးကစားနည်းမှာ သမိုင်းအထောက်အထားများအရ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့် ပျူခေတ်ကတည်းက ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ မျက်မှောက်ကာလအထိလည်း မြန်မာနိုင်ငံအရပ်ရပ်တွင် ကလေးလူကြီးမရွေး ချစ်ခင်နှစ်သက်စွာ၊ စိတ်ပါဝင်စားစွာ ခတ်ကစားလျက်ရှိသည်။ ကြိမ်ဖြင့်ပြုလုပ်ထားသောခြင်းလုံးကို ခတ်ကစားခြင်းဖြင့် သွေးလေလည်ပတ်မှု မှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်စေသည်။ ထို့ကြောင့်ပင် မြန်မာလူထုတစ်ရပ်လုံးက နှစ်ပေါင်းရှည်ကြာစွာ ခတ်ကစားလာခဲ့ကြပြီး မြန်မာ့ရိုးရာအားကစားနည်းတစ်ရပ်အဖြစ် ဝင့်ထည်စွာရပ်တည်နိုင်ခဲ့သည်။

မြန်မာ့ခြင်းလုံးအဖွဲ့ချုပ်ကိုလည်း ၁၉၅၃ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့ပြီး ရိုးရာအားကစားနည်းတစ်ရပ်အဖြစ် ဆက်လက်ရှင်သန်နိုင်အောင် ထိန်းသိမ်းနိုင်ခဲ့သည်။ သို့သော် ၁၉၆၁ ခုနှစ်နှင့် ၁၉၆၉ ခုနှစ်များတွင် မြန်မာ့မြေပေါ်၌ ဆီးဂိမ်းပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော်လည်း ခြင်းလုံးပြိုင်ပွဲကိုမူ ထည့်သွင်းကျင်းပနိုင်ခြင်းမရှိခဲ့ပေ။

ယင်းသို့ မကျင်းပနိုင်ခဲ့ခြင်းမှာ အဓိကအားဖြင့် နိုင်ငံတကာက ခတ်ကစားနိုင်သည့် ဥပဒေ မပြဋ္ဌာန်းနိုင်ခဲ့ခြင်းနှင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံမှုအားနည်းခဲ့ခြင်းတို့ဖြစ်ကြောင်း သိရှိရသည်။ သို့သော် နှစ်ပေါင်း(၄၄)နှစ်အကြာတွင်မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်မူ မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲကို အောင်မြင်စွာထည့်သွင်းကျင်းပနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲမှ မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ကို ဆွတ်ခူးပေးနိုင်ခဲ့သလို ရွှေတံဆိပ် စုစုပေါင်းခြောက်ခုရရှိခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲမစမီကပင် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲကို လာမည့်ဆီးဂိမ်းတွင် ထည့်သွင်းကျင်းပပြီး နိုင်ငံ့အတွက် ဆုတံဆိပ်များရယူပေးမည်ဖြစ်ကြောင်း၊ ထိုမျှသာမက အဆိုပါကစားနည်းကို တစ်ကမ္ဘာလုံးကျယ်ကျယ်ပြန့်ပြန့် ကစားလာအောင် ငွေအား၊ လူအား ပုံအောသုံး၍ကြိုးပမ်းဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။ အလားတူ အထွေထွေအတွင်းရေးမှူး ဦးရဲအောင်က "မြန်မာ့ရိုးရာခြင်းလုံးကစားနည်းဟာ သိမ်မွေ့နက်နဲပါတယ်။ ကစားနည်းပေါင်း ၃၀ ရှိပါတယ်။ ဒါကြောင့် တခြားနိုင်ငံက အားကစားသမားတွေ ပါဝင်ခတ်ကစားနိုင်အောင် အခြေခံထိချက်ခြောက်ချက်ပဲ ပါဝင်တဲ့ကစားနည်းလေးမျိုးကိုပဲ ဆီးဂိမ်းမှာ ထည့်သွင်းကျင်းပခဲ့တာပါ။ နောင်ကျရင် မြန်မာ့နည်းမြန်မာ့ဟန် စစ်စစ်တွေပါတဲ့ကစားနည်းတွေ ပါဝင်လာအောင် စည်းမျဉ်းတွေတဖြည်းဖြည်းမြှင့်တင် ရေးဆွဲသွားမှာပါ၊ ခုလောလောဆယ်တော့ နိုင်ငံတကာကိုဝင်ဆံ့နိုင်အောင်၊ နိုင်ငံတကာက စိတ်ဝင်တစားခတ်ကစားလာအောင် ကစားနည်းဥပဒေကို လျှော့ပေါ့ပေးထားတာပါ။ ဒါကြောင့် ပြိုင်ပွဲမှာ မြန်မာအပါအဝင် နိုင်ငံပေါင်းခြောက်နိုင်ငံက အားတက်သရောပါဝင်ယှဉ်ပြိုင်ခဲ့ကြတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ခြင်းလုံးခတ်ကစားနည်းမှာ နန်းတွင်းဖျော်ဖြေပွဲများတွင်လည်း ပါဝင်ခတ်ကစားခဲ့ရပြီး ပြည်သူအားလုံးက အပျော်တမ်းအသင်းများအဖြစ် ခေတ်အဆက်ဆက်ခတ်ကစားလာခဲ့ကြသည်။ ပြိုင်ပွဲအသွင်ဖြင့်မူ ၁၉၅၁ ခုနှစ်တွင် စတင်ကျင်းပခဲ့ကြောင်း သိရှိရသည်။

အဆိုပါအဖွဲ့ချုပ်၏ တွဲဖက်အတွင်းရေးမှူး(၁)ဦးပြည့်စုံမြင့်က "ယခင်တုန်းကဆိုရင် ကျွန်တော်တို့ မြန်မာ့ရိုးရာခြင်းလုံးအားကစားဟာ တော်တော်လေးကိုနိမ့်ပါးခဲ့တယ်လို့ ပြောရမှာပါ။ နိုင်ငံတကာအားကစားမဟုတ်ဘဲ ပြည်တွင်းအားကစားအဆင့်ပဲရှိတဲ့အတွက် သိပ်တော့မပေါ်လွင်လှဘူးပေါ့။ ၂၀၀၉ ခုနှစ်အထိကို ပြည်တွင်းအဆင့် ပြိုင်ပွဲတွေပဲကျင်းပနိုင်ခဲ့ပါတယ်" ပြောကြားသည်။

"၁၉၅၃ ခုနှစ်မှာ မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့ပေမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ ထည့်သွင်းကျင်းပနိုင်ခြင်းမရှိခဲ့ပါဘူး။ မြန်မာ့ရိုးရာခြင်းလုံးက အပြည်ပြည်ဆိုင်ရာအားကစားနည်းတစ်ရပ် ဖြစ်မလာတဲ့ အဓိကအချက်ကတော့ ကိုယ့်လူမျိုးတွေပဲခတ်တတ်၊ ကစားတတ်ပြီး တခြားနိုင်ငံက တခြားလူမျိုးတွေ ခတ်တတ်၊ ကစားတတ်၊ နားလည်အောင် ပြဋ္ဌာန်းထားတဲ့ ဥပဒေကမရှိဘူးဖြစ်နေတယ်။ မရှိရတဲ့အကြောင်းရင်းက ဒီအားကစားနည်းက အလွန်သိမ်မွေ့ခက်ခဲနက်နဲလွန်းပြီး အနည်းဆုံး လေးငါး ဆယ်နှစ်လောက်လေ့ကျင့်အားထုတ်ထားမှသာ သတ်မှတ်ထားတဲ့ခြင်းပေါက်တွေကို ခတ်ကစားနိုင်တာဖြစ်တယ်။ ခြင်းလုံးခတ်ကစားတဲ့ လူတစ်ရာမှာ တကယ်တမ်းပြိုင်ပွဲဝင်ခတ်ကစားနိုင်တဲ့ဦးရေဟာ ၁၀ ဦးထက်မပိုပါဘူး။ အလွန်ကြိုးစားရပါတယ်။ ဒီလို ခက်ခဲသိမ်မွေ့လွန်းတဲ့အတွက် နိုင်ငံတကာအဆင့်ကို မထိုးဖောက်နိုင်ခြင်းဖြစ်ပါတယ်။ နောက်ပြီး နိုင်ငံတကာနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့အတွက် လမ်းမပွင့်ခဲ့တာလည်း အကြောင်းရင်းတစ်ခုပါ။ ဒါကြောင့် ပြည်တွင်းပြိုင်ပွဲလေးတွေ လုပ်တဲ့အဆင့်နဲ့ပဲ ကျေနပ်နေခဲ့ရပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အာရှခြင်းလုံးအဖွဲ့ချုပ် ဖွဲ့စည်းခြင်းအထိမ်းအမှတ် မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-ရန်ကြီးအောင်

	(စီးပွားရေးပညာ)
၁၆း၄၅	**အေးချမ်းလှပသွေးချင်းတို့နာဂဒေသ**
၁၇း၁၅	Business News
၁၉း၀၀	ပြည်တွင်းသတင်း
၂၀း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၂၀း၄၀	ကြယ်ပွင့်များရဲ့ အထင်ကရတေးများ
၂၁း၀၀	ပြည်တွင်းသတင်း
-	**ဆိုလိုက်ကြစို့**
-	အိန္ဒိယရုပ်ရှင် **အချစ်နှင့်နောက်ဆက်တွဲပြဿနာများ** (ဇာတ်သိမ်း)

ပြည်တွင်းသတင်းနှင့်သတင်းဆောင်းပါး

တလိုင်းကျွန်းကျေးရွာ၌ ကျောင်းဆောင်သစ်ဖွင့်

စစ်ကိုင်း ဒီဇင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် တလိုင်းကျွန်းကျေးရွာရှိ ဟံသာဂီရိကျောင်းတိုက်မှ ဦးသုစရိတ အမှူးပြုလှူဒါန်းသော အခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင်လှိုင်မြင့်၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်ဝင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် ဆရာတော် ဦးသုစရိတ၊ စည်ပင်သာယာရေးဝန်ကြီးနှင့် အလှူရှင်တို့က ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးပြီး **(ဝဲပုံ)** ၂၄ လက်မတီဗွီ၊ ဗလာစာအုပ်များနှင့် ဂျာနယ်၊ စာစောင်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ကျောင်းဆောင်သစ်မှာ ရွှေရတုကျောင်းဆောင်ဖြစ်ပြီး အလျားပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၃ ပေဖြစ်ပြီး ဆရာတော်ဦးသုစရိတ အမှူးပြုသော အလှူရှင်များက ငွေကျပ်သိန်း ၁၅၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာမျက်နှာ ၉ မှ

ရိုးရာအားကစားနည်း ပပျောက်မသွားအောင် ထိန်းသိမ်းနိုင်တယ်။ သို့သော် ကျယ်ပြန့်အောင် မလုပ်နိုင်ခဲ့ဘူးလို့ဆိုရမှာပေါ့။ ဖျော်ဖြေရေးသာသာပဲရှိခဲ့တယ်လို့ ပြောနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အမှုဆောင်များက မြန်မာနိုင်ငံမှာ ဆီးဂိမ်းပြိုင်ပွဲကြီး လက်ခံကျင်းပခွင့်ရလျှင် မြန်မာ့ခြင်းလုံးကို ထည့်သွင်းကျင်းပနိုင်ရေးအတွက် ဥပဒေရေးဆွဲရေးကော်မတီ၊ နိုင်ငံတကာဆက်သွယ်ရေးကော်မတီအပါအဝင် ကော်မတီများဖွဲ့စည်း၍ ငွေကြေးကုန်ကျခံကာ ခြင်းပညာရှင်များဖြင့် ဥပဒေများရေးဆွဲ၊ နိုင်ငံတကာသို့ ဆက်သွယ်ပြီး ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည်။

နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် မြန်မာ့ရိုးရာခြင်းလုံးသရုပ်ပြအဖွဲ့ကို ပထမအကြိမ်အဖြစ် ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံ၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ဘရူနိုင်း၊ စင်ကာပူ၊ မလေးရှားသုံးနိုင်ငံ၊ တတိယအကြိမ်အဖြစ် ဖိလစ်ပိုင် နှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့သွားရောက်၍ ခတ်ကစားပုံ၊ အမှတ်ပေးပုံများကို လက်တွေ့သရုပ်ပြခဲ့ပြီး သရုပ်ပြဒီဗွီဒီမှတ်တမ်းခွေများလည်း ပေးအပ်ခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံတွင် ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲ၌ ခြင်းလုံးပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက်လည်း စည်းရုံးခဲ့သည်။ သက်ဆိုင်ရာနိုင်ငံများမှ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် ရင်းနှီးစွာဆွေးနွေးစည်းရုံးပြီး မြန်မာ့ရိုးရာခြင်းလုံးကို အရှေ့တောင်အာရှနိုင်ငံများက စိတ်ပါဝင်စားစွာ ပါဝင်ခတ်ကစားလာနိုင်ရန် ဖိတ်ကြားခဲ့သည်။ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များအနေဖြင့် ကိုယ့်ရိုးရာအားကစား ကမ္ဘာကိုလွှမ်းရမည်ဆိုသည့်စိတ်ဓာတ်ဖြင့် မျိုးချစ်စိတ်ကိုအခြေခံပြီး ကြိုးစားဆောင်ရွက်ခဲ့သည့်အတွက် အခုလိုပေါက်မြောက် အောင်မြင်လာခြင်းဖြစ်သည်။

"ဆီးဂိမ်းပြိုင်ပွဲဝင်ဖို့အတွက် အရှေ့တောင်အာရှအဖွဲ့ချုပ် ထူထောင်ဖို့လိုအပ်ပါတယ်။ ဆီးဂိမ်းကိုဝင်ရောက်ဖို့လွယ်အောင် ဖွဲ့စည်းပြီးသားဖြစ်တဲ့ အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်နဲ့လက်တွဲပြီးတော့ ပြိုင်ပွဲလုပ်ဖို့ လူကြီးတွေရော၊ အားကစားဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီးနဲ့ တာဝန်ရှိသူတွေကပါ လမ်းညွှန်ခဲ့တဲ့အတွက် အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်နဲ့တွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့ကြောင့် ဒီလိုပြိုင်ပွဲကြီး ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်"ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခုဆိုရင် ဆီးဂိမ်းကြီးကျင်းပပြီးပြီဖြစ်တဲ့အတွက် အရှေ့တောင် အာရှနိုင်ငံတွေကတော့ ဒီကစားနည်းကိုသိသွားပြီ။ သို့သော် မြန်မာ့ခြင်းလုံးအားကစား အရှည်သဖြင့် ရပ်တည်နိုင်ဖို့အတွက် ကမ္ဘာကိုဆက်လက် ထိုးဖောက်နိုင်ဖို့အတွက် အာရှအဖွဲ့ချုပ်ထူထောင်ဖို့ ဆက်ပြီးကြိုးစားခဲ့ပါတယ်။ ပထမခြေလှမ်းအနေနဲ့ ယခုနှစ် စက်တင်ဘာလ ၁၈ ရက်မှာ ထိုင်းနိုင်ငံ ဥဒုံဌာနီမြို့မှာ (၈) ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲနဲ့အတူ ကမ္ဘာ့ပိုက်ကျော်ခြင်းအဖွဲ့ရဲ့ အထွေထွေညီလာခံနဲ့ရွေးကောက်ပွဲကြီးကို ကျင်းပခဲ့ပါတယ်။ ကမ္ဘာ့အဖွဲ့ချုပ်ဥက္ကဋ္ဌနဲ့ အာရှအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က မြန်မာနိုင်ငံအားကစားဝန်ကြီးဌာနကို အသိပေးပြီး ကျွန်တော်တို့အဖွဲ့ချုပ်ကို ဖိတ်ခေါ်လိုက်ပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း(၃၀)က တက်ရောက်လာတဲ့ ဒီညီလာခံကြီးမှာ မြန်မာ့ခြင်းကို တင်ပြမိတ်ဆက်နိုင်ခဲ့ပါတယ်။ နိုင်ငံတကာကလာတဲ့ အားကစားဆိုင်ရာအကြီးအကဲတွေလည်း သိသွားမြင်သွားခဲ့ပါတယ်။ ဘရာဇီး၊ပြင်သစ်၊ ဂျာမနီ၊ ကနေဒါ၊ အမေရိကန်စတဲ့ နိုင်ငံကြီးတွေကို မြန်မာ့ခြင်းလုံးနဲ့ မိတ်ဆက်နိုင်ခဲ့သလို ခြင်းလုံးကလေးတွေကိုလည်း လက်ဆောင်ပေး၊ ဥပဒေ၊ နည်းဥပဒေတွေ၊ ခတ်ကစားပုံ ဒီဗွီဒီခွေတွေကိုလည်း လက်ရောက်ပေးနိုင်ခဲ့ပါတယ်။ ဒီလိုရှင်းလင်းပြသနိုင်ခဲ့တဲ့အတွက် သူတို့က ဒီအားကစားနည်းဟာ တစ်ဖက်အသင်းရဲ့ အားနည်းချက်ကို အခွင့်ကောင်းယူပြီး တိုက်ခိုက်ပြီးမှ အမှတ်ရတဲ့အားကစား မဟုတ်ဘူး၊မိမိအဝန်းအဝိုင်းလေးအတွင်းမှာပဲ တစ်ယောက်ကို တစ်ယောက် ဖေးမပြီးတော့ ခြင်းလုံးကို မြေမကျအောင်ထိန်းသိမ်းတယ်၊ ပြီးတော့အကနဲ့ အားကစားကိုပေါင်းစပ်ထားတဲ့ အားကစားဖြစ်တဲ့အတွက် သူတို့ဝမ်းသာတယ်၊ ငွေကုန်ကြေးကျလည်းနည်းတယ်၊ အချိန်ပေးရတာလည်း သက်သာတယ်။ မိမိကျန်းမာရေးကို အများကြီး အထောက်အကူပြုသလို စိတ်နေစိတ်ထားကိုလည်း ပြုပြင်ပေးတဲ့ အားကစားနည်းဖြစ်တယ်။ ဒါကြောင့်မို့ သူတို့က အာရှအဆင့်၊ ကမ္ဘာ့အဆင့်အဖွဲ့ချုပ်တွေ ဖွဲ့တဲ့အခါမှာ တစ်တပ်တစ်အား ပါဝင်ကူညီပြီးတော့ သူတို့ထောက်ခံပါ့မယ်လို့ ကတိပေးခဲ့ကြပါတယ်"ဟု အဆိုပါညီလာခံသို့ တက်ရောက်ခဲ့သူ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာပြည့်ဖြိုးအောင်က ပြောကြားသည်။ ယခုဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ လေးမျိုးစီ ကျင်းပပေးခဲ့ပြီးနောက် နောင်ကျင်းပမည့်၂၀၁၅ စင်ကာပူဆီးဂိမ်းနှင့်၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲတို့တွင် ထည့်သွင်းယှဉ်ပြိုင်နိုင်ရန် ပြိုင်ပွဲ (၁၅) မျိုးကို ရေးဆွဲထားသည်။ ရေးဆွဲရာတွင် ကစားနည်းဥပဒေများကို အနည်းငယ်မြှင့်တင်ပြီး မြန်မာ့ရိုးရာခြင်းလုံး အဆီအနှစ်ခြင်းပေါက်များ ပါဝင်အောင် ရေးဆွဲထားပြီးဖြစ်သည်။ အဆိုပါဆီးဂိမ်းပြိုင်ပွဲများတွင် မြန်မာ့ခြင်းလုံးပြိုင်ပွဲ ထည့်သွင်းကျင်းပနိုင်ရန်လည်း သက်ဆိုင်ရာနိုင်ငံများနှင့် အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်ကောင်စီတို့က သဘောတူညီပြီး ဖြစ်သည်ဟု ဆိုသည်။

"အခု မြန်မာဆီးဂိမ်းမှာတော့ အောင်မြင်မှုတွေ အပြည့်အဝရယူနိုင်ခဲ့ပါပြီ။ ခြောက်မျိုး ဝင်ပြိုင်တယ်၊ ခြောက်မျိုးလုံး ရွှေတံဆိပ်ရယူနိုင်ခဲ့ပါတယ်။ နိုင်ငံတော်အတွက် ပေးဆပ်နိုင်ခဲ့ပါပြီ။ အများပြည်သူတွေရဲ့စိတ်ထဲမှာလည်း ခြင်းလုံးကို စိတ်ပါဝင်စားမှုပိုများလာပြီ။ ဒါပေမယ့် ရှေ့ဆက်ရမယ့်ခရီးက အရှည်ကြီးပါ။ မြန်မာဆီးဂိမ်းမှာဒီပြိုင်ပွဲပါပြီးတော့ ၂၀၁၅ စင်ကာပူဆီးဂိမ်းမှာမပါခဲ့ရင် အဆက်ပြတ်သွားမယ်၊ မျိုးဆက်ပြတ်သွားမယ်။ ဒါကြောင့် ပြီးခဲ့တဲ့ ဒီဇင်ဘာ ၉ ရက်နဲ့ ၁၀ ရက်မှာ ကျင်းပတဲ့ အားကစားအဖွဲ့ချုပ်ကောင်စီအစည်းအဝေးမှာ မြန်မာ့ရိုးရာခြင်းကို ၂၀၁၅ ဆီးဂိမ်းမှာ ဆက်လက်ထည့်သွင်းပေးဖို့ တင်ပြတဲ့အခါ နိုင်ငံအားလုံးက တညီတညွတ်တည်းပဲ သဘောတူညီခဲ့ပါတယ်။ မလေးရှား ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနဲ့ ဆွေးနွေးတော့လည်း သူက ၂၀၁၇ မလေးရှားဆီးဂိမ်းမှာ ဆက်လက်ထည့်သွင်းကျင်းပမယ်လို့ ကတိပေးခဲ့ပါတယ်။ ဒါ့အပြင် ရှေ့ဆက်ပြီး ကမ္ဘာ့အလယ်မှာ စဉ်ဆက်မပြတ်ရပ်တည်နိုင်ဖို့အတွက် လိုအပ်နေဦးမှာပါ။ အချုပ်ပြောရရင်တော့ မြန်မာ့ရိုးရာအားကစားမှသည် ကမ္ဘာ့အဆင့်သို့ဆိုတဲ့ဆောင်ပုဒ်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ကျွန်တော်ဦးဆောင်ပြီး တစ်ဖွဲ့လုံးက အားကြိုးမာန်တက် ကြိုးပမ်းခဲ့ကြပါတယ်။ လာမယ့် ၂၀၁၅ ဆီးဂိမ်းအတွက်လည်း အခုကတည်းက ပြင်ဆင်နေပါပြီ" ဟု အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ရှင်းပြသည်။

ထို့အတူ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့တွင် ကျင်းပမည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေရေးအစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာ့ခြင်းလုံးခတ်၍သရုပ်ပြပေးရန် ၂၀၁၂ ခုနှစ် ဇန်နဝါရီကတည်းက တရားဝင်ဖိတ်ကြားခဲ့သည်။ တစ်ကမ္ဘာလုံးမှ လူသန်းပေါင်းများစွာက စိတ်ဝင်တစားစောင့်ကြည့်ရသည့် အဆိုပါကမ္ဘာ့ဖလားဖွင့်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးကို မိတ်ဆက်ခွင့်ရခြင်းမှာ အလွန်ဂုဏ်ယူဖွယ်ရာဖြစ်သည်။ ထိုမျှသာမက ဘရာဇီးနိုင်ငံအနေဖြင့် နောက်နောင်တွင်လည်း မြန်မာ့ခြင်းလုံးကို မြေတောင်မြှောက်ခွင့်ပေးရန်ပန်ကြားခဲ့ပြီး ၎င်းတို့နိုင်ငံတွင်လည်း ခြင်းလုံး

စာမျက်နှာ ၁၄သို့

ကန်ရေပြင်အေးမြမြ လမ်းလျှောက်သူတွေပေါ်များလှ

အေးမြသော ဆောင်းရာသီကာလဖြစ်၍ ဗန်းမော်မြို့ ဂေါ်ရာကန်ပတ်လမ်းတွင် ကျန်းမာရေးအတွက် လမ်းလျှောက်သူများ၊ကိုယ်ကာယ လေ့ကျင့်သူများ စည်ကားလျက်ရှိသည်။

ဒီဇင်ဘာ ၂၃ ရက် နံနက် ၅ နာရီက နှင်းမှုန်များ တပြိုက်ပြိုက်ကျနေသည့် အရုဏ်ဦး၊ စိမ်းမြမြကန်ရေပြင်ဘေးက ကန်ပတ်လမ်းပေါ်တွင် ဆောင်းနှင်း မြူကြားက လမ်းလျှောက်သူများကန် ရေပြင်ပေါ်က ဖြတ်သန်းလာသော လေအေးကို ရှူရှိုက်ရင်း ကန်နံဘေးမြက်ခင်းပေါ်တွင် ကိုယ်ကာယလေ့ကျင့်သူများကြောင့် ကန်၏ အလှအပသည် သရုပ်ပေါ်လွင်ခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကန်၏မြောက်ဘက် ကန်ပတ်လမ်းကိုကတ္တရာလမ်းခင်းပေးထားပြီဖြစ်၍ ကားကြီး၊ ကားငယ်၊ ယာဉ် အန္တရာယ် စိုးရိမ်စရာမလိုဘဲ ကျန်းမာရေးအတွက် လမ်းလျှောက်ခွင့်ရကြသည်။

ပြည်သူ့အကျိုးပြု ဂေါ်ရာကန်၏ သာယာလှပစေရေးအတွက် မိဘပြည်သူများက တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြစေလိုကြောင်း တင်ပြလိုက်ရပါသည်။

ဆီမီးခုံ-နန်းရီ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၂ ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ အမှတ် ၁၀၅၄ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍

အများသိစေရန် ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၂ ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ အမှတ် ၁၀၅၄နေ ဒေါ်ခင်ညိုမြင့် ၁၂/ကခက(နိုင်)၀၆၄၆၁၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

အထက်ခေါင်းစဉ်ပါ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ညိုမြင့်က ဒေါ်ထွေးထွေးခိုင်ထံသို့ ၂၈-၉-၂၀၁၃ ရက်စွဲပါ အိမ်ခြံမြေအရောင်းအဝယ် စရန်ပေးကတိစာချုပ် ချုပ်ဆို၍ ရောင်းချထားပြီး စရန်ငွေများလက်ခံရရှိထားခဲ့ပါသည်။ စာချုပ်ချုပ်ဆိုစဉ်က အသိသက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့သူ ဒေါ်မိုးသူဇာက စရန်ငွေပေးချေခဲ့ခြင်းဖြစ်ပြီး ဒေါ်ထွေးထွေးခိုင်နေရာတွင်လည်း ဒေါ်မိုးသူဇာမှ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။ ထိုစာချုပ်တွင် ကျန်ငွေများကို ၂၉-၁၂-၂၀၁၃ ရက်တွင် နောက်ဆုံးထားပေးချေရန်လည်း ဖော်ပြထားပါသည်။

သို့သော် ၁၃-၁၂-၂၀၁၃ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ညိုမြင့်က ယင်းမြေနှင့် အိမ်ကိုပင် မူလအရောင်းအဝယ်ပြုလုပ်ခဲ့သည့် ဈေးနှုန်းထက် ဈေးပိုပေးပြီး ဒေါ်ထွေးထွေးခိုင်ထံမှ "အိမ်ခြံမြေ အရောင်းအဝယ် စရန်ပေးကတိစာချုပ်" ချုပ်ဆို၍ စရန်ငွေကျပ်သိန်း ၅၀ ပေးအပ်၍ ပြန်လည်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ထိုစဉ်ကလည်း စရန်ငွေများကို ဒေါ်မိုးသူဇာမှ လက်ခံခဲ့ပြီး ရောင်းချသူ ဒေါ်ထွေးထွေးခိုင်နေရာတွင် ၎င်းမှပင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ထွေးထွေးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၀-၁၂-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ကန့်ကွက်ကြောင်းကြေညာခြင်းကို ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ၁၃-၁၂-၂၀၁၃ ရက်စွဲပါ စာချုပ်စည်းကမ်းအတိုင်း ကျွန်ုပ်၏မိတ်ဆွေက ကျန်ငွေများ ပေးအပ်မည်ဖြစ်ကြောင်းနှင့် လက်ခံရယူခြင်း မပြုပါက ဖြစ်ပေါ်လာမည့် ကိစ္စအဝဝသည် ဒေါ်ထွေးထွေးခိုင်နှင့် ဒေါ်မိုးသူဇာတို့အပေါ်တွင် တာဝန်ကျရောက်မည်ဖြစ်ကြောင်း အသိပေး ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းလှိုင် (ဥပဒေတွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၆)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

စာမျက်နှာ ၆ မှအဆက်

တို့တွင် သဘာဝအလျောက်ပါဝင်နေပြီး ယင်းအစားအစာများကို ပုံမှန်စားသုံးသွားခြင်းအားဖြင့် အချိန်မတိုင်မီ အိုမင်းရင့်ရော်ခြင်းမှ ကာကွယ်နိုင်ကြသည်။

အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များ၊ နို့ထွက်ပစ္စည်းများ၊ ဂေါ်ဖီထုပ်၊ ကိုက်လန်၊ ဟင်းနုနယ် စသည်တို့တွင် ပါဝင်သော ဗီတာမင် K သည် ခန္ဓာကိုယ် သွေးခဲမှုနှေးကွေးခြင်းမှ ထိရောက်စွာ ကာကွယ်ပေးနိုင်သည်။ အဆိုပါအစားအသောက်များအပြင် ဝက်သားနှင့် ဝက်အသည်း စသည်တို့ကို စားသောက်ခြင်းအားဖြင့်လည်း ဗီတာမင် K ကို ရရှိနိုင်သည်။

ဂျပန်သိပ္ပံပညာရှင်များသည် ၂၀၀၃ ခုနှစ်အတွင်းက ဗီတာမင် B အုပ်စုဝင် အမျိုးအစားတစ်ခုဖြစ်သော ပီပီကျူ (ppq)ကို ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ကြွက်များနှင့် စမ်းသပ်ချက်အရ လူသားတို့အတွက် အရေးကြီးသော ဗီတာမင် တစ်မျိုးဖြစ်ကြောင်း သိရှိခဲ့ကြရသည့် ပီပီကျူသည် မျက်မှောက်ကာလတွင် နောက်ဆုံးဖော်ထုတ်တွေ့ရှိခဲ့သော ဗီတာမင်အမျိုးအစားသစ်ပင်ဖြစ်သည်။ ပဲပိစပ်၊ တရုတ်နံနံ၊ လက်ဖက်၊ ငရုတ်ကောင်းနှင့် ကီဝီသီးတို့ကို စားသုံးခြင်းအားဖြင့် ပီပီကျူကို ရရှိနိုင်ကြောင်း ဂျပန်သုတေသီတို့က ထုတ်ပြန်ခဲ့ကြသည်။

ဗီတာမင်ပြည့်ဝသည့် အစားအသောက်များကို ညီညွတ်မျှတအောင် စားသုံးပေးခြင်းအားဖြင့် ရောဂါဘယများ ဖြစ်ပွားရခြင်းမှ ထိရောက်စွာ ကာကွယ်ပေးနိုင်မည်ဖြစ်သည့်အတွက် ကျန်းကျန်းမာမာဖြင့် အသက်ရှည်စွာ နေထိုင်သွားနိုင်ကြမည်ဖြစ်သည်။

အချို့သောသူတို့သည် မိမိကြိုက်နှစ်သက်သည့် အစားအသောက်မဟုတ်စေကာမူ မိမိခန္ဓာကိုယ်ကျန်းမာရေးအတွက် ညီညွတ်မျှတအောင် စားသုံးလေ့ရှိကြသော်လည်း အများစုတို့ကမူ မိမိနှစ်သက်သော အစားအသောက်များကို ခုံမင်တပ်မက်စွာ စားသုံးပြီး မိမိမနှစ်သက်သော အစားအသောက်များကိုမူ လုံးဝရှောင်ကြဉ်လေ့ရှိကြသည်။

မိခင်၏ ဝမ်းဗိုက်ထဲတွင် ပဋိသန္ဓေနေရချိန်မှစ၍ လူ့ဘဝတစ်လျှောက်လုံးတွင် ဗီတာမင်ကို အမြဲမပြတ်လိုအပ်သည်မှာ မှန်သော်လည်း တစ်ခါတစ်ရံ၌ လူ့ခန္ဓာကိုယ်ထဲတွင် ဗီတာမင်ဓာတ်များ လိုအပ်သည်ထက် ပိုမိုနေမည်ဆိုကမူ အန္တရာယ်ရှိနိုင်သည်ကို သတိချပ်ရန် လိုအပ်သည်။

ဗီတာမင် A သည် ခန္ဓာကိုယ်အတွင်း၌ လိုအပ်သည်ထက် ပိုမိုများပြားစွာ ရှိနေမည်ဆိုပါက (မျက်လုံးမဝါဘဲ) အသားဝါခြင်း၊ ဗီတာမင် B_3 ဓာတ်လွန်ကဲနေမည်ဆိုပါက ဆီးချိုဖြစ်ခြင်းနှင့် ယူရစ်အက်စစ်များခြင်း၊ ဗီတာမင် C နှင့် ဗီတာမင် D ပိုလျှံနေပါကလည်း ကျောက်ကပ်တွင် ကျောက်တည်ခြင်း စသော ရောဂါဝေဒနာများ ဖြစ်ပွားလာနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်များက သတိပေးထားကြသည်။

သို့ဖြစ်၍ မိမိတို့ပုံမှန်စားသုံးနေကြသော အစားအသောက်များမှတစ်ဆင့် ဗီတာမင်လက်ခံရရှိမှု နည်းပါးသောကြောင့် ခံစားနေရသော ရောဂါဝေဒနာများအတွက် ဗီတာမင်ဓာတ်ပါဝင်သော ဆေးဝါးများကို ဖြည့်စွက်စားသုံးရန်၊ လိုအပ်ပါက သက်ဆိုင်ရာဆရာဝန်၏ ညွှန်ကြားချက်ဖြင့်သာ သောက်သုံးကြရန် အရေးကြီးသည်။

လူသားနှင့် ဗီတာမင်သည် ခွဲခြားထား၍ မရကောင်းသော အရာများဖြစ်ကြသည့်အတွက် လူတို့၏ ဘဝရှင်သန်ရပ်တည်မှု တစ်လျှောက်လုံးတွင် ဗီတာမင်ကို အမြဲမပြတ် ရယူဖြည့်ဆည်းသွားကြရန် အထူးပင်လိုအပ်လှပေသည်။ ။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဒီဇင်ဘာလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

ပုသိမ် ဒီဇင်ဘာ ၂၃

ဒီဇင်ဘာ ၂၁ ရက် နံနက် ၅ နာရီခွဲတွင် ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့၌ ဒီဇင်ဘာလ (တတိယပတ်) လူထုစုပေါင်း လမ်းလျှောက်ပွဲကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှေ့ စုရပ်မှ တာထွက်၍ စတင်ကျင်းပခဲ့သည်။

အဆိုပါ လူထုစုပေါင်း လမ်းလျှောက်ပွဲ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသိန်းအောင်၊ တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေး လေ့လာလိုက်စားကြသော ပြည်သူလူထုများ စုစုပေါင်း ၆၇၄၆၃ ဦးခန့် ပါဝင်ဆင်နွှဲခဲ့သည်။

ရှေးဦးစွာ နံနက် ၅ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ကျန်းမာရေး လေ့လာလိုက်စားကြသော ပြည်သူလူထုများသည် လမ်းလျှောက်ပွဲ တာလွှတ်ကျင်းပမည့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှေ့ စုရပ်၌ အသီးသီးနေရာယူကြပြီး နံနက် ၅ နာရီခွဲတွင် တာဝန်ရှိသူများ ဦးဆောင်၍ စတင်တာထွက် လမ်းလျှောက်ကြကာ **(အပေါ်ပုံ)** မဟာဗန္ဓုလလမ်းအတိုင်း လမ်းလျှောက်၍ ရွှေရုပ်တုအဝိုင်းတွင် ပန်းဝင်ကြပြီး ရွှေရုပ်တုအဝိုင်းရှေ့၌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး ဦးဆောင်သော လူထုစုပေါင်း လမ်းလျှောက်အဖွဲ့နှင့်အတူ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲအမှတ်(၃)ကို ပါဝင်လှုပ်ရှားသည်။

အဆိုပါ ဒီဇင်ဘာလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က စားသောက်ဖွယ်ရာများနှင့် ရေသန့်များဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗန္ဓုလလမ်းထိပ်ရှိ မီးပွိုင့်လေးတော့ အချိန်မှန်ဖွင့်ပေးစေချင်

ပဲခူး ဒီဇင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ လူစည်ကားသောနေရာတစ်ခုဖြစ်သည့် အုန်းပင်တန်းလမ်းမကြီးနှင့် ဗန္ဓုလလမ်းမကြီး ဆုံရာထိပ်တွင် ယာဉ်အန္တရာယ်များ မဖြစ်ပွားစေရန်အတွက် တာဝန်ရှိသူများက မီးပွိုင့်တပ်ဆင်ပေးခဲ့ရာ**(ဝဲပုံ)** ယင်းမီးပွိုင့်သည် ယခုရက်ပိုင်းတွင် ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ ရုံးသွားချိန်နှင့် ပြည်သူများ ဈေးသွားလာချိန်ဖြစ်သည့် နံနက် ၇ နာရီတွင် မီးပွိုင့်မဖွင့်ဘဲ နံနက် ၉ နာရီမှသာ မီးပွိုင့်ဖွင့်သည့်အတွက် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ သွားလာရာတွင် ဗန္ဓုလလမ်းထိပ်၌ ယာဉ်ပိတ်ဆို့မှုများရှိနေသဖြင့် ဗန္ဓုလလမ်းထိပ်ရှိ မီးပွိုင့်ကို နံနက် ၆ နာရီတွင် ပုံမှန်ဖွင့်ပေးရန် ပြည်သူများက လိုလားလျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်ပတ်အတွင်း ယာဉ်တိုက်မှုအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်၍ ဒုတိယအများဆုံးမှာ ပဲခူးတိုင်းဒေသကြီးဖြစ်ရာ ယာဉ်မတော်တဆမှုပေါင်း ၂၈ မှုဖြစ်ပွားပြီး ၆၄ ဦး ဒဏ်ရာရပြီး လေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

သန့်စင်(ပဲခူး)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်တွင် ရှမ်းပြည်နယ်လွှတ်တော်မှ ခွင့်ပြုရန်ပုံငွေဖြင့် နှစ်ထပ်အဆောက်အအုံတစ်လုံး တည်ဆောက်ရန်ရှိပါသည်။ ၎င်းလုပ်ငန်းအတွက် ဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက်	-	၂၃-၁၂-၂၀၁၂ ရက်မှ ၆-၁-၂၀၁၄ရက်အထိ (ရုံးဖွင့်ရက်ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်	-	၇-၁-၂၀၁၄ ရက် ၁၆း၀၀ နာရီ
တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ	-	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။
ဆက်သွယ်ရန်ဖုန်း	-	၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုရန်ပုံငွေဖြင့် နှစ်ထပ်အဆောက်အအုံသုံးလုံးတည်ဆောက်ရန်ရှိပါသည်။ ၎င်းလုပ်ငန်းများအတွက် ဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက်	-	၂၃-၁၂-၂၀၁၂ ရက် မှ ၆-၁-၂၀၁၄ ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်	-	၇-၁-၂၀၁၄ ရက် ၁၆း၀၀ နာရီ
တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ	-	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။
ဆက်သွယ်ရန်ဖုန်း	-	၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက်ရုံးချိန်အတွင်း)

ကျေးဇူးဆပ်ပါမည်

ကျွန်မ မန္တယ်နွယ်လွင် ၁၂/လမတ (နိုင်)၀၃၄၅၂၃ ကိုင်ဆောင်သော မြန်မာနိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၃၃၁၈၈၉**

တောင်ကြီးကောလိပ် ကျောင်းသူ ကျောင်းသားများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန်ယူဆောင်ရွက်ခဲ့သော ဆရာ ဆရာမကြီးအတွက် အာစရိယပူဇော်ပွဲကို ၂၈-၁၂-၂၀၁၃ ရက် (စနေနေ့) နံနက် ၉ နာရီ ဝိုင်အမ်စီအေခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဆရာ ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပူဇော်ခံပေးပါရန်။

၂၉-၁၂-၂၀၁၃ရက် နံနက် ၄ နာရီတွင် ဆရာ ဆရာမကြီးများအား ကျိုက္ခမီဘုရား၊ ဆံတော် ၁၀ ဆူစေတီများသို့ ကုသိုလ်ယူပို့ဆောင်ပါမည်။

၁၉၈၃-၈၈ခုနှစ် ဆေး(၁) ကျောင်းသူ ကျောင်းသားများ၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားခြင်းအစီအစဉ်

ငွေရတုအထိမ်းအမှတ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သောကြောင့် ရပ်ဝေးရပ်နီးသူငယ်ချင်းများ စုံညီစွာ ပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	။ ။	ဒီဇင်ဘာ ၂၈ ရက် ၂၀၁၃ ခုနှစ် (စနေနေ့)
အချိန်နှင့်နေရာ	။ ။	နံနက် ၉ နာရီ (ဆေးတက္ကသိုလ်-၁၊ စာကြည့်တိုက်ဟောင်းမှာ ဆရာများကို ကန်တော့ကြမည်။ ညနေ ၆နာရီ (ပန်ဒါဟိုတယ်၊ မင်္ဂလာခန်းမ၊ ၁၀ထပ်မှာ ပျော်ပျော်ပါးပါးဆုံကြမည်။)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆/မီးရထားရပ်၊ ဦးပိုင်အမှတ် (၁၅^က)၊ ဧရိယာ ၀ဒသမ၁၀၅ဧကရှိ ဦးမောင်လွင်(ဇနီး)ဒေါ်တင်ကြည်အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်မြင့်မြင့်ခိုင်၊ ဦးမျိုးညွှန့် (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)၁၉၄၆၆၉၊ ၉/ပမန(နိုင်)၁၈၄၇၇၂ (ဘ) ဦးမောင်လွင်၊ ဦးကိုကိုကြီးတို့မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ



အိမ်ခြံမြေရောင်းမည်

၂၅'×၈၅' နှစ်ထပ် RC မြေပိုင်မြေ၊ အင်းစိန်ဈေးကြီးအနီး၊ ကျောင်း/ကားဂိတ်နီး။

ဖုန်း-၀၉-၇၃၁၂၈၀၆၂

အသက်သည်သွေး

ပြည်တွင်းသတင်း

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ၃၅ သန်းကျော် လျာထား

ကလေး ဒီဇင်ဘာ ၂၃

အိန္ဒိယ-မြန်မာနယ်စပ် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ၃၅ သန်းကျော် ရရှိရန်လျာထားကြောင်း တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။ ပြီးခဲ့သည့်နှစ်က တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကျပ် ၂၃ သန်းကျော် ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ကျပ် ၃၅ သန်းကျော် ရရှိနိုင်ရန်လျာထားကြောင်း၊ ယခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မည်သည့်ကုန်သည်မဆို ၁၈ နှစ်နှင့်အထက် မှတ်ပုံတင်ရှိသူတိုင်း ITC ကတ်နှင့် တစ်နေ့ ကျပ် ၁၀ သိန်းရောင်းဝယ်ကုန်သွယ်ခွင့်ပြုထားကြောင်း၊ ငါးရက်တစ်ခါတည်း စုစည်းပြီး သိန်း ၅၀ တစ်ပြိုင်တည်း ကုန်သွယ်၍ရကြောင်း သိရသည်။

တမူးနယ်စပ် ကုန်သွယ်ရေးစခန်းမှ ယခုလက်ရှိတွင် ပို့ကုန် ၁၅၂မျိုး၊ သွင်းကုန် ၅၉၃ မျိုးဖြင့် နှစ်နိုင်ငံကုန်သွယ်မှုပြုနေပြီး ယခုနှစ်တွင် မန္တလေး၊ ပခုက္ကူ၊ ကလေး စသည့် ဒေသများမှ ထွက်ရှိသည့် ချင်းစိုသည် ငါးနှစ်အတွင်း တင်ပို့မှုမှာတစ်ဟုန်ထိုး အားကောင်းလာကြောင်း ဒေသတွင်းကုန်သည်များထံမှ သိရသည်။

"ဒီနှစ်ချင်းစိုက ငါးနှစ်အတွင်း ပြန်လည်ဦးမော့လာတယ်။ နောက်ပြီး ပို့ကုန်ထဲမှာ ကွမ်းသီးကတော့ ကုန်သွယ်မှုအများဆုံးပေါ့။ နောက်ချင်းစိုနဲ့ ကြက်သွန်နီလည်း ထိပ်ဆုံးက ပို့ကုန်စာရင်းထဲမှာ ပါဝင်ပါတယ်။ အိန္ဒိယဘက်က သွင်းကုန်ကတော့ ဂျုံမှုန့်နဲ့ ပရဆေးကုန်ကြမ်းတို့ အဓိကဖြစ်ပါတယ်"ဟု ကုန်သည်တစ်ဦးက ဆိုသည်။ အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံကုန်သွယ်မှု လျင်မြန်စေရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနက ဇွန် ၁၁ ရက်မှ စတင်ကာ တမူးနယ်စပ်တွင် FDA ရုံးခွဲ စတင်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံကုန်သည်များအား တစ်ပိုင်တစ်နိုင်ကုန်သွယ်ခွင့် ITC ကတ်ဖြင့် သတ်မှတ်ပစ္စည်းများကို လွတ်လပ်စွာကုန်သွယ်ခွင့်ပြုထားပြီး ယခုနှစ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပို့ကုန်၊ သွင်းကုန်ပစ္စည်းများကို ယခင်နှစ်များထက် နန်းဖာလုံဈေးမှ အမယ်စုံပစ္စည်းများကိုပါ တိုးချဲ့ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

ပျဉ်းမနားမြို့ဘေထုပ်ညဈေးတန်း စည်ကား

သတင်း-ကိုမျိုး(ရွှေပေါက်ကံ့)
ဓာတ်ပုံ-ဇော်ထွန်းဝင်း

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပျဉ်းမနားဈေးကြီးရှေ့တွင် ယခုရက်ပိုင်းအတွင်း ညနေ ၆ နာရီခွဲခန့်တွင် စည်ကားနေသည့် ဘေထုပ်အနွေးထည်ဆိုင်များကို တွေ့မြင်နေရသည်။ ဒီဇင်ဘာလ၏ အအေးဓာတ်နှင့်အတူ ယခုရက်ပိုင်းများတွင် အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်ခြမ်းမှ ဝင်ရောက်လာသည့် လေအေးများကြောင့် ရန်ကုန်မြို့အပါအဝင် မြို့ကြီးအချို့တွင် ညအပူချိန်များ လျော့နည်းပြီး အအေးဓာတ်ပိုမိုများလာသည်။

အအေးဓာတ် ပိုလာသည်နှင့်အမျှ ပျဉ်းမနားမြို့၏ ညဈေးတန်း ဘေထုပ်ဆိုင်များတွင် ဝယ်ယူသူများနှင့် အလွန်စည်ကားနေသည်မှာ မြင်ရသူများအတွက် ပွဲဈေးတန်းရောက်နေသလားဟုပင်ထင်ရသည်။ အထည်အမျိုးမျိုး၊ ဈေးအမျိုးမျိုးနှင့် စည်ကားနေသောဆိုင်များတွင် အလှာပေါင်းစုံမှ လူတန်းစားမျိုးစုံကို ပုံစံစုံဖြင့် မြင်တွေ့နေရသည်။ ဈေးနှုန်းများမှာလည်း ကလေးဝတ်အကျႌ တစ်ထည်လျှင် ငွေကျပ် ၅၀၀ မှ ၁၅၀၀၊ ၁၅၀၀ မှ ၄၀၀၀ အထိရှိနေပြီး လူကြီးဝတ် (ကျား-မ)အဝတ်များ တစ်ထည်လျှင် ငွေကျပ် ၂၅၀၀ မှ ၁၂၀၀၀ အထိရှိကြောင်း သိရသည်။

ပြောကြား

၄င်းဘေထုပ် အရောင်းဆိုင်သို့ လာရောက်ဝယ်ယူသူ အမျိုးသမီးငယ်တစ်ဦးက "ကျွန်မတို့က မိသားစုများတယ်၊ အမျိုးသားက ကားမောင်းတယ်၊ ကလေးကသုံးယောက်၊ ကျွန်မတို့ လူကြီးနှစ်ယောက်နဲ့ဆို ငါးယောက်ဆိုတော့ အခုလိုဘေထုပ်ဆိုင်တွေမှာပဲ ဝယ်ဖြစ်တယ်၊ အငယ်ဆုံးကလေးက သုံးနှစ်ဆိုတော့ ငွေကျပ် ၅၀၀ တန် အပုံထဲက ရွေးလို့ရတယ်။ အလတ်က ဒုတိယတန်း၊ အကြီးဆုံးက သတ္တမတန်း သူတို့နှစ်ဦးအတွက်ကတော့ ငွေကျပ် ၂၅၀၀ တန် အပုံကရတယ်၊ ကျွန်မတို့ လူကြီးနှစ်ယောက်ကတော့ မနှစ်တုန်းက ဝယ်ထားတာနဲ့ပဲ အဆင်ပြေနေပါတယ်။ ကျွန်မတို့ မိသားစုအတွက်ကတော့ အခုလိုဘေထုပ်ဆိုင်မျိုးတွေ ရှိနေတော့အလွန် အဆင်ပြေပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ ရုံးဝန်ထမ်း အမျိုးသားတစ်ဦးက "ကျွန်တော်က ရုံးဝန်ထမ်းတစ်ဦးပါ။ မိသားစုက ဇနီး၊ သမီးကြီး၊ သားငယ်လေးနဲ့ အားလုံးလေးဦးပါ။ သမီးကြီးကတော့ ကောလိပ်တက်နေတယ်။ သားငယ်လေးက နဝမတန်း၊ ကလေးတွေက အရွယ်ရောက်လာပြီဆိုတော့ လိုချင်တာလေးတွေကများကြတယ်။ မိဘတွေအဆင်ပြေ၊ မပြေနားမလည်ကြဘူးလေ။ အဲဒါကြောင့် ကျွန်တော့်သမီးနဲ့ သားအတွက် လာရွေးနေတာပါ။

"ဒီရက်ပိုင်းကလည်း ရာသီဥတုက တော်တော်အေးလာတယ်။ ဝယ်ပေးချင်တာကတော့ ဆိုင်ကောင်းကြီးတွေက အသစ်တွေကို မိဘအနေနဲ့ ဝယ်ပေးချင်မိတဲ့စိတ်က အပြည့်ပါ။ အခုဆိုရင် ကျွန်တော့်သမီးနဲ့ သားအတွက် ငွေကျပ် ၇၀၀၀ တန်း ချိတ်က တစ်ယောက်တစ်ထည် ဝယ်ပေးနိုင်တယ်။ ကျွန်တော်တို့လို ဝန်ထမ်းတွေအတွက်ကတော့ အခုလို ဆောင်းရာသီ ဘေထုပ်အနွေးထည်ဆိုင်လေးတွေက လူတန်းစား မိသားစုမျိုးစုံအတွက် အနွေးဓာတ်ပေးတဲ့ ဆိုင်လေးတွေပါ" ဟု ရုံးဝန်ထမ်းတစ်ဦးဖြစ်သူ ပျဉ်းမနားတောင်သာရပ်ကွက်နေသူက ပြောကြားသည်။ ဒီဇင်ဘာဆောင်း၏ အအေးဓာတ် လွှမ်းကဲမှုအောက်တွင် လစာနည်း၊ ဝင်ငွေနည်း မိသားစုလေးတွေအတွက် ဘေထုပ်အနွေးထည်ဆိုင်လေးများ အအေးဒဏ်ကို ကာကွယ်ပေးနေသည့် ဆိုင်လေးများဖြစ်ပါကြောင်း ဖော်ပြပါသည်။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၁၂-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၄၅၀၀၀-၆၀၈၀၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၄၅၅၀၀-၆၀၇၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၁-၉၈၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၈-၁၃၅၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၅-၃၀.၇၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၉	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၅-၃၀၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၀၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၇၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၀၀၀-၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၆၀၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၄၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၅၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၇၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၉၀၀၀
၂။ ပေါ်ကွဲ(အသစ်)	တစ်အိတ်	၁၆၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၁၀၀၀-၂၃၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၄၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၆၃
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၅၀-၈၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၈၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၅၀-၁၁၀၀
၉။ အာလူး(ဟဲဟိုး)	တစ်ပိဿာ	၅၀၀-၆၆၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၄၀၀
၁၁။ ငရုတ်ပွ (စိမ်းစား/သာစည်)	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၁၂။ သကြား	တစ်ပိဿာ	၉၂၀-၉၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စုစည်းပြသည်။

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဒေါက်တာသန်းမြင့်-ဒေါက်တာနန်းကိန်ဟွမ် တို့၏သားကြီး

မောင်ရဲဝင်းမြင့်

နှင့်

ရန်ကုန်မြို့နေ Capt. အောင်ကြီး(Ex: မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်ဒေါ်လီမြသောင်း တို့၏သမီးကြီး

မခက်ခက်အောင်ကြီး

တို့သည် Sedona Hotel ၊ မင်းတုန်းခန်းမ၌ ၂၂-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်မိဘများနှင့် ဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း၊ စေ့စပ်မင်္ဂလာပန်းကုံးနှင့် လက်စွပ်များဆင်မြန်းပေးပါသော သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း (ဒုတိယဥက္ကဋ္ဌကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)နှင့် ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ရဲဝင်းမြင့်-မခက်ခက်အောင်ကြီး

အမြန်ရောင်းမည်

ပေ ၉၀×ပေ ၁၀၀၊ အရှေ့လှည့်၊ တောင်လှည့်။
နံကပ်နှစ်ထပ်တိုက်ပါ ပေ(၃၀×၄၀)။
သဇင်လမ်း၊ ၅၇×၅၈လမ်းကြား
၂၆(B)လမ်း×၂၇လမ်းကြား
ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉-၂၀၅၈၇၈၃၊ ၀၉-၉၁၀၀၉၈၈၈

ဝန်ချတောင်းပန်ခြင်းနှင့် ဝန်ခံကတိပြုခြင်း

ရန်ကုန်မြို့ ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ အဆင့်မြင့် မင်္ဂလာဈေး မြေညီထပ် ၊ ဆိုင်အမှတ် (၃၉၅ - ၃၉၆)တွင် ဖွင့်လှစ်ထားသော " ဦးဂနီ (မိသားစု) အထည်ဆိုင် " မှ i-MAX မဝတ် အနွေးထည်နှင့် GIORENZO မဝတ် အနွေးထည်အင်္ကျီများ၏ ဒီဇိုင်းများအား တုပပြုလုပ်ထားသော YIRENFA တံဆိပ် မဝတ်အနွေးထည် အင်္ကျီများအား ရောင်းချမိခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်တို့မှ ထိုရောင်းချမိခဲ့ခြင်းအတွက် i-MAX မဝတ်အနွေးထည်နှင့် GIORENZO မဝတ်အနွေးထည်များ၏ ပိုင်ရှင်ဖြစ်သူ ဦးမြတ်ကို (ဇော်ဝင်း အထည်ဆိုင်) ယခုကဲ့သို့ သတင်းစာမျက်နှာမှ အနေဖြင့် ဝန်ချ တောင်းပန်အပ်ပါသည်။

သို့ဖြစ်ပါ၍ နောက်နောင်တွင်လည်း ထိုကဲ့သို့ i-MAX အဝတ်အထည်နှင့် GIORENZO အဝတ်အထည်များ၏ ဒီဇိုင်းများအား တုပပြုလုပ်ထားသော အဝတ်အထည်များကို ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်တော့ပါဟု ဝန်ခံ ကတိပြုပါသည်။

ဦးဂနီ (မိသားစု) အထည်ဆိုင်
ဆိုင်အမှတ် ၃၉၅-၃၉၆ ၊ မြေညီထပ်
အဆင့်မြင့် မင်္ဂလာဈေး
မင်္ဂလာတောင်ညွန့်မြို့နယ်။

ကားဈေးများကျဆင်းသော်လည်း သင်္ဘော၊ ရေယာဉ်ဈေးများကျဆင်းခြင်းမရှိ

ရန်ကုန်　ဒီဇင်ဘာ　၂၃

ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှု မူဝါဒအသစ်ကို အစိုးရသစ်လက်ထက်တွင် ပြောင်းလဲလိုက်ပြီးနောက် စက်တပ်ယာဉ်(မော်တော်ကား)ဈေးနှုန်းများငွေကျပ်သိန်းရာချီ၍ကျဆင်းမှုရှိလာကြောင်း၊ သို့သော် ရေလမ်းခရီးသွား သင်္ဘော၊ ရေယာဉ်များ၏ဈေးနှုန်းမှာ ကျဆင်းခြင်းမရှိကြောင်း မြစ်ဝကျွန်းပေါ်မှ ဒေသခံများက ဆိုသည်။

မော်တော်ကားတစ်စီးတွင် ပါဝင်သော ဘီး၊ ဝင်ရိုး၊ အင်ဂျင်၊ ကိုယ်ထည်နှင့် ယာဉ်အောက်ပိုင်းဆိုင်ရာ ပစ္စည်းများ တစ်ခုချင်းတန်ဖိုးပေါင်းစပ်မှုထက် မော်တော်ကားတန်ဖိုး အဆပေါင်းများစွာ မြင့်ခဲ့ရခြင်းမှာပြည်တွင်းသို့ မော်တော်ကားတင်သွင်းခွင့်ခက်ခဲမှုကြောင့်ဖြစ်ကြောင်း၊ ယခုအခါ ပြည်ပကားဈေးတန်ဖိုးထက် အဆပေါင်းများစွာမြင့်ခဲ့သော အိမ်စီး၊ ကုန်တင်ယာဉ် မျိုးစုံဈေးနှုန်းမှာ လက်ကိုင်ဖုန်းဈေးနှုန်းကဲ့သို့ ယခင်ပေါက်ဈေးများထက် များစွာကျဆင်းလာခဲ့ကြောင်း၊ ရေလမ်းခရီးတွင်မူ လက်ရှိသင်္ဘောများသာ သုံးစွဲမှုရှိပြီး ပြည်ပမှတင်သွင်းမှု ပုဂ္ဂလိကပိုင်းတွင် မရှိသလောက်ဖြစ်ကြောင်း၊ ပြည်တွင်း သင်္ဘောကျင်းများတွင် အသစ်တည်ဆောက်မှုမျိုးသာရှိကြောင်း၊ သင်္ဘောတည်ဆောက်ရာတွင် အသုံးပြုသည့် သံထည်ပစ္စည်းများတန်ဖိုးမှာ ကျဆင်းခြင်းမရှိ၍ သင်္ဘောဈေးနှုန်းများမှာ ကားဈေးနှုန်းကဲ့သို့ ကျဆင်းခြင်းမရှိသော်လည်း ခရီးသည်၊ ကုန်တင်ပို့မှု အခြေအနေပေါ်မူတည်၍သာ ဈေးနှုန်းပြောင်းလဲကြောင်း သင်္ဘောပိုင်ရှင်တစ်ဦးက ဆိုသည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် ကားလမ်းခရီးများ သွားလာ၍ရလာသဖြင့် ရေလမ်းဖြင့်ခရီးသွားခြင်းနည်းပါးလာကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသတွင် မြို့အများအပြားသို့ ခရီးသည်တင်ပြေးဆွဲမှုများအနက် နှစ်ထပ်ပုဂ္ဂလိကနှင့် ပြည်တွင်းရေကြောင်းတို့မှ နေ့စဉ်အဓိကထားပြေးဆွဲနေသည့် ခရီးစဉ်မှာ ရန်ကုန်-ဖျာပုံနှင့် ရန်ကုန်-မော်ကျွန်း ခရီးစဉ်သာရှိကြောင်း၊ ရန်ကုန်-မော်ကျွန်းခရီးစဉ်တွင် နေ့စဉ်လူစီး၊ ကုန်တင်နှစ်ထပ်သင်္ဘောနှင့် လူစီးသီးသန့် ရှပ်ပြေးအပါအဝင်ရေယာဉ်လေးစင်း၊ ငါးစင်းပြေးဆွဲနေကြောင်း၊ ကားလမ်းခရီးဖြင့် ကုန်တင်ဆောင်ခြင်းမရှိသေး၍ သင်္ဘောများဖြင့်သာနေ့စဉ်အိတ်ရေငါးထောင်မှ တစ်သောင်းဝန်းကျင် ရန်ကုန်သို့ဆန်အရောင်းအဝယ်ကောင်းချိန်တွင် တင်ပို့ရရာ သင်္ဘောတန်ချိန်ပြီးလျှင် ဆန်အိတ်တင်ပို့သော သင်္ဘောခတစ်ခုတည်းဖြင့်ပင် အသွား အပြန်ရေယာဉ်ကုန်ကျစရိတ်ရကြောင်း၊ သို့ဖြစ်၍ယင်းခရီးစဉ်တွင် ရေယာဉ်များအပြိုင်အဆိုင်ပြေးဆွဲနေခြင်းဖြစ်သည်ဟု သင်္ဘောလုပ်ငန်းလုပ်ကိုင်ခဲ့သူတစ်ဦးက ဆိုသည်။

ယင်းခရီးစဉ်တွင် ပုဂ္ဂလိကများ အပြိုင်အဆိုင်ပြေးဆွဲချိန်တွင် မော်လမြိုင်ကျွန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်ပိုင်တန် ၃၀၀ ခန့်ရှိ လူစီး-ကုန်တင်ရေယာဉ် နှစ်ထပ်ရေယာဉ်တစ်စင်း ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ အသင်းတည်ရှိရာတွင် အိတ်ဖွင့်လေလံဖြင့်ရောင်းချမည်ဟု နိုင်ငံပိုင်သတင်းစာတွင် ကြေညာခဲ့ရာ ဒေသခံများစိတ်ဝင်စားနေကြောင်း သိရသည်။ ပုဂ္ဂလိကများအနေဖြင့် ရေယာဉ်အသစ်တည်ဆောက်ပြီး ယင်းခရီးစဉ်တွင်ပြေးဆွဲရန်ရှိသကဲ့သို့ လုပ်ငန်းလိုင်စင်ရှိပြီးသော သမပိုင်ရေယာဉ်ကြီးကိုလည်း အိတ်ဖွင့်လေလံဖြင့် ဝယ်ယူရန်စိတ်ဝင်စားမှုများရှိကြောင်း၊ အိတ်ဖွင့်လေလံဝယ်ယူလိုသူများအနေဖြင့် စပေါ်ငွေကျပ်သိန်း ၄၀၀ ပေးသွင်းထားရမည်ဟု လေလံစည်းကမ်းချက်များအရ သိရသည်။

ခင်ဆိုင်

> **လူကုန်ကူးမှု ပပျောက်ဖို့**
> **တစ်မျိုးသားလုံး ပါဝင်ကြစို့**

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

တရုတ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုမိတ်ဆက်ပွဲကျင်းပ

ရန်ကုန်　ဒီဇင်ဘာ　၂၃

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Association for International Friendly Contact မှ President H.E. Mr. Li Zhao Xing ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂိုးဒင်းပင်းယ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်မှ ကြိုဆိုမိတ်ဆက်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ China Association for International Friendly Contact မှ President H.E. Mr. Li Zhao Xing ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Yang Hole Lan၊ ဂိုးဒင်းပင်းယ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာဒေါ်ရွှေစင်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂိုးဒင်းပင်းယ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာဒေါ်ရွှေစင်နှင့် ဒါရိုက်တာ ဦးမင်းသန်းဦးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ပြောကြား

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Association for International Friendly Contact မှ President H.E. Mr.Li Zhao Xing က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က ကြိုဆိုမိတ်ဆက်ခြင်းအခမ်းအနား ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဎင်းနောက် ဂိုးဒင်းပင်းယ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာဒေါ်ရွှေစင်က မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းသို့ အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းရာ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့် တာဝန်ရှိသူများကလက်ခံပြီး တက်ရောက်လာသည့် ဧည့်သည်တော်များကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စာမျက်နှာ ၁၀ မှ

အဖွဲ့ချုပ်ဖွဲ့စည်းမည်ဟု ပြောကြားခဲ့သည်။ ထို့ကြောင့် ယခုအချိန်သည် မြန်မာ့ခြင်းလုံး၏ အတောက်ပဆုံးအချိန်ဟု ဆိုရမည်သာဖြစ်သည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင်မူ မြန်မာ့ခြင်းလုံးအတွက် သမိုင်းသစ်ရေးထိုးနိုင်ခဲ့သည်။ ထိုနေ့ထိုအချိန်တွင် အရှေ့တောင်အာရှ(၁၁)နိုင်ငံ၊ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့ ပါဝင်သည့် အာရှခြင်းလုံးအဖွဲ့ချုပ်ကြီးကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ဖွဲ့စည်းနိုင်ခဲ့သည်။ ယင်းသို့ ဖွဲ့စည်းနိုင်ခြင်းနှင့်အတူ အဖွဲ့ချုပ်၏ အမှုဆောင်အဖွဲ့ကိုလည်း ခိုင်ခိုင်မာမာ ဖွဲ့စည်းလိုက်နိုင်ခဲ့သည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် လက်ရှိမြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်ကို အားလုံးက တညီတညွတ်တည်း ရွေးချယ်တာဝန်ပေးခဲ့သည်။ ဒုတိယဥက္ကဋ္ဌများအဖြစ် ကမ္ဘာ့ပိုက်ကျော်ခြင်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ စင်ကာပူနိုင်ငံမှ မစ္စတာ ဒါတိုဟယ်လင်ဘင်ကာတာ၊ မြန်မာနိုင်ငံ အားကစားနှင့် ဥပဒေကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်၊ အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ထိုင်းနိုင်ငံသား မစ္စတာ ဘွန်ချိုင်းနှင့် ကမ္ဘာ့ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ မလေးရှားနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ မစ္စတာ ဒါတိုအာမက်ဟာဂျီအစ္စမေးလ်တို့က ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။ ကမ္ဘာ့သိပိုက်ကျော်ခြင်းအဖွဲ့ချုပ်များမှ ခေါင်းဆောင်များ ပါဝင်ဖွဲ့စည်းနိုင်သည်မှာ မြန်မာ့ခြင်းလုံး ကမ္ဘာ့အဆင့်သို့ ထိုးဖောက်နိုင်ရေးအတွက် ကြီးစွာသော အင်အားကိုဖြစ်စေသည်။

အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးအဖြစ် ဦးကျော်ဇင်မိုး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများအဖြစ် ကမ္ဘာ့ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယအထွေထွေအတွင်းရေးမှူး စင်ကာပူနိုင်ငံသား မစ္စတာ တာဖစ်၊ ဦးရဲအောင်နှင့် ဦးပြည့်စုံမြင့်၊ ဘဏ္ဍာရေးမှူးအဖြစ် ဒေါက်တာပြည့်ဖြိုးအောင်တို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ထို့အတူ ကမ္ဘာ့အိုလံပစ်ကော်မတီမှ အကြီးအကဲများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသူ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လွင်က အကြံပေးပုဂ္ဂိုလ်အဖြစ်ဆောင်ရွက်မည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကြီးသို့ အရှေ့တောင်အာရှနိုင်ငံများမှ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်အကြီးအကဲများ လာရောက်အားပေးစဉ် အချိန်အခါကောင်းတွင် အာရှခြင်းလုံးအဖွဲ့ချုပ်ကြီးကို ခိုင်မာစွာဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံ(၁၃)နိုင်ငံအနက် တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့မှာ မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံများဖြစ်သည့်နည်းတူ မြန်မာ့ခြင်းလုံးနှင့်လည်း သိပ်မစိမ်းလှသောနိုင်ငံများဖြစ်သည်။ တရုတ်နိုင်ငံသို့ မြန်မာ့ခြင်းလုံးသရုပ်ပြဖျော်ဖြေမှုများ မကြာခဏ သွားရောက်ပြသဖျော်ဖြေခဲ့သကဲ့သို့ အိန္ဒိယနိုင်ငံမှာလည်း မြန်မာ့ခြင်းလုံးကိုစိတ်ဝင်စားပြီး ကိုယ်တိုင်လာရောက်ဆက်သွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ထို့ထက်မက အဖွဲ့ချုပ်သို့ အာရှနိုင်ငံ အများအပြား ပါဝင်လာစေရန်စီမံချက်များချမှတ်ထားပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးပြည့်စုံမြင့်က ပြောကြားသည်။ ထို့အတူ ယခုဒုတိယဥက္ကဋ္ဌတာဝန်ယူထားသူ မစ္စတာဟယ်လင်ကလည်း မြန်မာ့ခြင်းလုံးအကြောင်းကိုနိုင်ငံအနှံ့အပြား သိရှိလာစေရန် ပါကစ္စတန်၊ သီရိလင်္ကာ၊ အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ကူဝိတ်၊ ဆော်ဒီအာရေဗျ၊ အီရတ်စသည့်နိုင်ငံများသို့ ချိတ်ဆက်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရှိရသည်။ မြန်မာ့ခြင်းလုံးအဖွဲ့ချုပ်အနေဖြင့်လည်း ယင်းနိုင်ငံများသို့သွားရောက်သရုပ်ပြသပြီး အဖွဲ့ဝင်ဖြစ်လာစေရန်စည်းရုံးသွားမည်ဟု ဆိုပါသည်။

ကမ္ဘာ့အဆင့်သို့ ထိုးဖောက်နိုင်ရန်အတွက်လည်း ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်သည်။ ကမ္ဘာ့အဆင့်ပြိုင်ပွဲများကျင်းပရာတွင် ဩဇာတိက္ကမကြီးသည့် အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်သည်။ လောလောဆယ်တွင် မစ္စတာဟယ်လင်က ဦးစိုးနိုင်အား အာရှအိုလံပစ်ကော်မတီအကြီးအကဲ ကူဝိတ်နိုင်ငံသား မစ္စတာ ရှိတ်ဟာမန်အား သွားရောက်တွေ့ဆုံပြီး အာရှအဖွဲ့ချုပ်မှသည် အိုလံပစ်အဖွဲ့ချုပ်ဖြစ်လာအောင် ဆွေးနွေးပြောကြားရန် တိုက်တွန်းထားသည်။ ထို့အတူ အာရှအဆင့် ဖိတ်ခေါ်ခြင်းလုံးပြိုင်ပွဲတစ်ရပ်ကိုလည်း မြန်မာနိုင်ငံတွင် မကြာမီကျင်းပရန် စီစဉ်ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ကြီးအနေဖြင့် လက်ရှိမိမိရရဆုပ်ကိုင်ထားနိုင်သော နိုင်ငံတကာက မြန်မာ့ရိုးရာခြင်းလုံး အားကစားအပေါ် စိတ်ဝင်စားနေမှုအပေါ် အခွင့်ကောင်းယူ၍ ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်အောင် မျိုးချစ်စိတ်အရင်းခံ၍ ကာယအား၊ ဉာဏအား၊ ငွေအား စိုက်ထုတ်ကာ ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ အာရှစင်မြင့်သို့ ဝင့်ဝင့်ထည်ထည် တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည့် မြန်မာ့ခြင်းလုံးသည် မကြာသောကာလတွင်လည်း ကမ္ဘာ့အလယ်တွင်လည်း တောက်ပဝင့်ကြွားနိုင်တော့မည်ဖြစ်ပေသည်။ ။

အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်။

အာရှခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးပြည့်စုံမြင့်။

မိုင်းကိုင်မြို့နယ်အတွင်းရှိ ဘိန်းခင်းများ ဖျက်ဆီးရန်သွားရောက်သည့် ပူးပေါင်းအဖွဲ့အား လက်နက်ကိုင်အဖွဲ့က နှောင့်ယှက်ပစ်ခတ်

နေပြည်တော် ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ်အတွင်း နယ်မြေခံသတင်းပေးချက်အရ ဘိန်းခင်းများဖျက်ဆီးရန်အတွက် မိုင်းကိုင်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တပ်မတော်စစ်ကြောင်းက လုံခြုံရေးလိုက်ပါလျက် ဒီဇင်ဘာ ၂၂ ရက်နံနက်ပိုင်းတွင် ဆုံလောကျေးရွာမှ စတင်ထွက်ခွာ၍ နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့သို့ ဆောင်ရွက်စဉ် နံနက် ၁၀ နာရီခန့်တွင် ဆုံလောကျေးရွာနှင့် ပါခါးကျေးရွာအကြား လုကန်ရွာအနီးသို့ ရောက်ရှိစဉ် အသင့်စောင့်ဆိုင်းနေသော အင်အား ၅၀ ခန့်ရှိ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က စောင့်ကြိုမိုင်းဆွဲတိုက်ခိုက်ပြီး ဗုံးပစ်လောင်ချာအပါအဝင် လက်နက်ကြီး၊ လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

လိုက်လံရှင်းလင်း

ထိုသို့ တိုက်ခိုက်မှုကြောင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်ခုခံကာကွယ်ခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် အဆိုပါလက်နက်ကိုင်အဖွဲ့သည် ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး လိုက်လံရှင်းလင်းခဲ့ရာ ဘယ်ဘက်လက်မောင်းတွင် ကျားရုပ်ပုံပါ လက်မောင်းတံဆိပ်၊ ညာဘက်လက်မောင်းတွင် ခါးနှစ်လက်ပါ လက်မောင်းတံဆိပ်နှင့် ရင်ဘတ်တွင် S.S.ARMY စာတန်းပါ ပြောက်ကျားယူနီဖောင်းဝတ်ဆင်ထားသော အလောင်းတစ်လောင်း၊ လမ်းလျှောက် စကားပြောစက် တစ်လုံး၊ မိုင်းနှင့် ဖောက်ခွဲတိုက်ခိုက်ရာတွင် အသုံးပြုသည့် နိုင်လွန်ကြိုး ပေ ၅၀ ခန့် တစ်ချောင်းနှင့် ဝိုင်ယာကြိုး ပေ ၅၀ ခန့် တစ်ချောင်း၊ ဓာတ်ခဲအသေး ခြောက်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်စစ်သည်တစ်ဦး လက်နက်ငယ်ကျည်ထိမှန် ဒဏ်ရာရရှိခဲ့ပြီး တပ်မတော်စစ်ကြောင်းက လက်နက်ကိုင်အဖွဲ့နောက်သို့ လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာတွင် ယခုကဲ့သို့ နှောင့်ယှက်ပစ်ခတ်ခြင်းများ မကြာခဏဖြစ်ပွားလေ့ရှိသော်လည်း သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ရည်မှန်းချက်အောင်မြင်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ယူဝမ်းမြောက်ခြင်းမှတ်တမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ပုံရိပ်ကို ကမ္ဘာ့အလယ်တွင် မြင့်တင်ပေးနိုင်ခဲ့သည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့သော နိုင်ငံတော်သမ္မတကြီးဦးဆောင်သည့် နိုင်ငံတော်အစိုးရအဖွဲ့၏ စီမံစနစ်ခွဲမှု၊ အားကစားပြိုင်ပွဲအသီးသီးတွင် ရွှေတံဆိပ်(၈၆)ခု၊ ငွေတံဆိပ်(၆၂)ခု၊ ကြေးတံဆိပ်(၈၅)ခုဖြင့် နိုင်ငံအလိုက် ဒုတိယအဆင့်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သော မြန်မာ့လက်ရွေးစင်အားကစားမောင်မယ်များ၏ သာလွန်သော ကြိုးစားအားထုတ်မှုများနှင့် အောင်မြင်မှုများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများမှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစု

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ ဘိုကလေးမြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာ ကားလမ်းမပေါ်ရှိ ဘိုကလေးအပိုင် တံတားနှစ်စင်းဖြစ်သည့် သက်မြစ်ကူးတံတားနှင့် စက်ဆန်းမြစ်ကူးတံတားတို့ကို အမြန်တည်ဆောက်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍ သက်တံတားသည် ပေ ၂၃၁၀ အရှည်ရှိပြီး ယခုလက်ရှိ ဘိုးပိုင်လုပ်ငန်းများဆောင်ရွက်ပြီးဖြစ်၍ ၂၆ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါသည်။ သက်တံတားအား ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အပြီးတည်ဆောက်ရန် လျာထားပါသည်။ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းမိုင် (၁၈/ ၀)ရှိ စက်ဆန်းတံတား ပေ ၁၆၆၀ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၂- ၂၀၁၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မူလငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါတံတားတစ်စင်းလုံး၏ ၄၁ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါသည်။ စက်ဆန်းတံတားအား ရန်ပုံငွေခွဲဝေရရှိပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ ကျိုက်လတ်မြို့နယ်အတွင်း မအူပင်-လှိုင်းတာ-ရုံးထောင့်လမ်းအား အမာခံကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍ မအူပင်-လှိုင်းတာ-ရုံးဒေါင့် လမ်းအပိုင်းသည် လမ်းကွန်ရက် အမှတ်(၁)ဖြစ်သော မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းတွင်ပါဝင်သည်။ အဆိုပါလမ်းသည် ကတ္တရာလမ်း ၅ မိုင် ၂ ဖာလုံ၊ ကျောက်လမ်း ၂၁ မိုင် ၁ ဖာလုံ၊ အမာခံလမ်း ၁၈ မိုင် ၃ ဖာလုံ စုစုပေါင်း ၄၄ မိုင် ၆ ဖာလုံ အရှည်ရှိသည့် လမ်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရန် လက်ရှိအမာခံလမ်းအဆင့်မှ ကျောက်လမ်းအဆင့်သို့လည်းကောင်း၊ ကျောက်လမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့လည်းကောင်း တိုးမြှင့်ဆောင်ရွက်ရန် အပိုင်းများခွဲ၍ ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၇ မိုင် ၁ ဖာလုံအား ၁၄ ပေအကျယ်ကျောက်လမ်းခင်းခြင်း၊ တစ်ဖာလုံအား ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပါမည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်း ၁၈ မိုင်နှင့် သစ်သားတံတား နှစ်စင်းဖြစ်သည့် ကျိုက်ပိတံတားနှင့် နွားရေကျော်တံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ရန် ရန်ပုံငွေတောင်းခံထားပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ မော်လမြိုင်ကျွန်းမြို့နယ်တွင် မော်ကျွန်း-မအူပင်ကားလမ်း အချို့နေရာများ လမ်းအလယ် မို့မောက်နေသဖြင့် ခက်ခဲနေပါသဖြင့် သွားလာမှု ယာယီအဆင်ပြေစေရေး ညှိနှိုင်းဆောင်ရွက်ပေးစေလိုခြင်းကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် မော်ကျွန်း-မအူပင်ကာလမ်း အချို့နေရာများ လမ်းအလယ်မို့မောက်ပြီး ဘေးဘက်နိမ့်နေသောနေရာများကို နှစ်ရက်အတွင်း စက်၊ ယာဉ်၊ ယန္တရားများနှင့် စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၄။ ညောင်တုန်းမြို့နယ်အတွင်း ရန်ကုန်-ပုသိမ်ကားလမ်းသည် လက်ရှိတွင် အကျယ်ဆုံး ၁၈ ပေခန့်ရှိပြီး အကျဉ်းဆုံးနေရာတွင် ၁၄ ပေခန့်ရှိသည်ဟု သိရှိရသဖြင့် ဧရာဝတီနှင့် ရခိုင်ဝင်ပေါက်ဖြစ်သည့် လမ်းမကြီးဖြစ်သည့်အတွက် ထပ်မံတိုးချဲ့ပေးပါရန်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် ရန်ကုန်-ပုသိမ်ကားလမ်းအား BOT စနစ်ဖြင့် Asia World ကုမ္ပဏီကို တာဝန်ပေးအပ်ထားပါသည်။ ကားအစီးရေ ဖြတ်သန်းနှုန်းနှင့်ပတ်သက်၍ လမ်းချဲ့ရန် သတ်မှတ်ထားပါသည်။ ကားစီးရေ ၂၅၀ မှ ၅၀၀ ကြား ၁၈ ပေအကျယ်လမ်း ၅၀၀ မှ ၁၀၀၀ ကြား ၂၄ ပေအကျယ်လမ်း ၂၀၀၀ မှ ၅၀၀၀ ကြားအား လေးလမ်းသွားလမ်း၊ ၅၀၀၀ အထက်အား ခြောက်လမ်းသွားလမ်းအဖြစ် သတ်မှတ်ထားပါသည်။ ရန်ကုန်နှင့် ကံကလေးကြားတွင် ၂၄ ပေအကျယ် ကတ္တရာလမ်းခင်းပြီးဖြစ်ပါသည်။ ကံကလေးလမ်းဆုံမှ ပုသိမ်မြို့အထိ ၂၄ ပေ အကျယ် ကတ္တရာလမ်းခင်းပြီးအပိုင်းနှင့် ကျန် ၁၈ ပေအကျယ်ခင်းပြီးသော အပိုင်းများတွင် ယာဉ်စီးရေ များပြားလာပြီဖြစ်ပါသဖြင့် ၂၄ ပေ အကျယ် ကတ္တရာလမ်း တိုးချဲ့နိုင်ရေးအတွက် Asia World ကုမ္ပဏီသို့ ကတ္တရာလမ်းတိုးချဲ့ပေးရန် အကြောင်းကြားပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ ဖားဆောင်းမြို့တွင် မိုးလေဝသနှင့်ဇလဗေဒရုံး ဖွင့်လှစ်ပေးပါရန်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် ရုံးချုပ်သို့ ရုံးဖွင့်လှစ်နိုင်ရန် တင်ပြပေးပါမည်။ လက်ရှိရုံးများကိုလည်း တိုးချဲ့ရန် အစီအစဉ်ရှိပါသည်။ ရုံးဖွင့်လှစ်နိုင်ရန် မြေနေရာရရှိရေး ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၂။ လှိုင်ကော်လေဆိပ်အား အဆင့်မြှင့်တင်ပေးရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် လှိုင်ကော်လေယာဉ်ကွင်းနှင့် လေဆိပ်အား အဆင့်(၅)ဆင့်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်သန်း ၅၀၀ ခွင့်ပြုထားပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေကျပ်သန်း ၁၄၀၀ လျာထားတင်ပြ တောင်းခံထားပါသည်။ Master Plan အရ လေယာဉ်ပြေးလမ်းများ တိုးချဲ့တည်ဆောက်နိုင်ရန် မြို့ပြလေကြောင်းအဖွဲ့ချုပ်မှ ပြဋ္ဌာန်းအတည်ပြုထားသော စံချိန်စံညွှန်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

၃။ ဖားဆောင်းမြို့နယ်တွင် ကြံ့ခိုင်ရေး၊ သန်မြန်သူ၊ စာပို့၊ ဘာဒို ဟူ၍ ယာဉ်လိုင်းလေးလိုင်းရှိပါသည်။ ၄င်းလိုင်းများအနက် ဘာဒိုယာဉ်လိုင်းမှာ တစ်နေ့တစ်စီး ပုံမှန်ပြေးဆွဲခြင်းမရှိဘဲ တစ်စီးထက်ပို၍ ပြေးဆွဲနေသဖြင့် ကျန်သောယာဉ်လိုင်းများအတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိပါသည်။ ၄င်းဘာဒိုယာဉ်လိုင်းအား တစ်နေ့တစ်စီး ပြေးဆွဲရန်အတွက် ညှိနှိုင်းဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ဘာဒိုယာဉ်လိုင်းသည် ခရီးသွားနှင့် ပို့ဆောင်ရေးကုမ္ပဏီဖွဲ့စည်းပြီး စီးလုံးငှားယာဉ်များအဖြစ် ပြေးဆွဲလျက်ရှိပါသည်။ ပုံမှန်ယာဉ်လိုင်းအနေဖြင့် ပြေးဆွဲ၍မရပါ။ ဘာဒိုခရီးသွားနှင့် ပို့ဆောင်ရေးကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆယ်အိမ်မှူးမွမ်းမံသင်တန်းဖွင့်

ကျောက်တန်း ဒီဇင်ဘာ ၂၃

ကျောက်တန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်မှူး မွမ်းမံသင်တန်းကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ဖွင့်လှစ်သည်။

ယင်းအခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာနွယ်ဇင်ညွန့်က အမှာစကားပြောကြားပြီးနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးစန္ဒာခိုင်က မျိုးဆက်ပွားကျန်းမာရေးနှင့်အာဟာရဖွံ့ဖြိုးမှုလုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းခြင်းအကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများအကြောင်း၊ စိတ်ကျန်းမာရေးအကြောင်း၊ ပညာရေးစောင့်ရှောက်မှုအကြောင်း၊ လူမှုရေးဆိုင်ရာအကြောင်းအရာများနှင့် စီးပွားရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများကို ဌာနဆိုင်ရာများက ဆွေးနွေးပို့ချပြီး **(အောက်ပုံ)** သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၃၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ကော့သောင်း ဒီဇင်ဘာ ၂၃

(၃၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားကို ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် ရွှေပါရမီဓမ္မရိပ်သာ ဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဆက်လက်၍ ရွှေပါရမီဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓမထေမြတ်က သြဝါဒကထာ ချီးမြှင့်သည်။ ထို့နောက် အခမ်းအနားကျင်းပရေးကော်မတီအဖွဲ့မှ ဘဏ္ဍာရေးမှူး ဦးသန်းလှက (၃၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်၍ လျှောက်ထားပြောကြားသည်။ ထို့နောက် အထိမ်းအမှတ်နေ့အလှူတော်အဖြစ် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြပြီး တက်ရောက်လာသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် ဧည့်ခံသည်။

အဆိုပါ (၃၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ကော့သောင်းခရိုင်အတွင်း အခြေချနေထိုင်ကြသည့် ကော့သောင်းခရိုင်လုံးဆိုင်ရာ ရခိုင်လူငယ်များ ပရဟိတအသင်းကကြီးမှူး၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)ရှိ Lime Plant အလုပ်ရုံတွင် စက်တပ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ရန် တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက်** - ၂၄-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၁-၂၀၁၄ ရက် ၁၂း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရှိ ခရိုင်ရုံးများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ငွေလုံးငွေရင်း(ဖြည့်စွက်)ရန်ပုံငွေ၊ ပြည်နယ်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့်လမ်းတံတားလုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) ကတ္တရာ
(ခ) ဘိလပ်မြေ
(ဂ) သံချောင်းလုံးရှယ်စုံ

၂။ ဝယ်ယူလိုသောပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများကို အောက်ပါဌာနတွင် ၂၇-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းရယူနိုင်ပါသည်-

စုံစမ်းရန်

- အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကယားပြည်နယ်၊ ဒေါဥခူရပ်ကွက်၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၄၉၃
- **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၆-၁-၂၀၁၄ရက်
အချိန် ၁၂း၀၀ နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကုန်းလမ်းပို့ဆောင်ရေး၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲရှိ မြေ ၂ဒသမ ၄၁ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းများ ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့် ရက်/အချိန်** - ၂၄-၁-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၈း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ
တင်ဒါစိစစ်မည့်နေရာ - မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အောင်ဆန်းခန်းမ
တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် - ၂၄-၁-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ခရီးသည်ပို့ဆောင်ရေးဌာနခွဲ၊ မော်လမြိုင်မြို့တွင် ၂၆-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက် ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၅၇-၂၇၀၅၇၊ ၀၉-၄၂၅၂၈၄၇၂၉

အမြန်ရောင်းမည်

BACK HOE KOBELCO (Japan),
Model-SK, 330-8(1.8 m^3)
အသုံးပြုပြီး နာရီ- 6400
ဈေးနှုန်းကျပ်သိန်း ၇၅၀
ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၅၀၅၅၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ကုန်းလမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲရှိ မြေ ၁ဒသမ ၄၁ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းများ ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၃၀-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ
တင်ဒါစိစစ်မည့်နေရာ - သာယာဝတီခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၃၀-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ၊ မင်းလှမြို့တွင် ၂၇-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက် ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၅၃-၂၇၁၀၇၊ ၀၉-၄၂၃၆၇၄၄၂၂၊ ၀၉-၂၅၀၁၁၅၃၆၉

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ ပေါင်းလောင်း(၁)၊ မြေကွက်/ဦးပိုင်အမှတ် ၅၀၂၊ ၅၀၃၊ ၅၀၄။ ၅၀၅၊ ၅၀၆၊ ၅၀၇၊ ၅၀၈၊ ၅၀၉၊ ၅၁၀၊ ၅၁၁၊ ၅၁၂၊ ၅၁၃၊ ဧရိယာ ၀ဒသမ ၆၇၈ဧကရှိ မြို့နယ်သမဝါယမအသင်းစု ပျဉ်းမနားအမည်ဖြင့်ပိုင်ဆိုင်သော ပါမစ်မြေကွက်အား မြို့နယ်သမဝါယမအသင်းစု ပျဉ်းမနားမြို့က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးစည်းဝေး

ပုသိမ် ဒီဇင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊တာဝန်ရှိ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ ပုသိမ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသမီးလင်းရေးနှင့် ရေရရှိရေးအတွက် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒ၊ နိုင်ငံတော်၏ ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်ဖို့နှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ် ဆောင်ရွက်ထားရှိမှုအပေါ် အားသာချက်/ အားနည်း ချက်များကို သုံးသပ်ဆွေးနွေးတင်ပြပြီး တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဧရာဝတီတိုင်းဒေသကြီးတွင် ဆင်းရဲမှုလျှော့ချရေး ၂၆ ရာခိုင်နှုန်းရှိရာမှ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချရမည့် ရည်မှန်းချက်ရှိပါကြောင်း၊ ကျန်သည့်အချိန်ကာလ လပေါင်း ၃၀ မှာ ဆောင်ရွက်ရမည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများက ၂၀၁၃ ခုနှစ် (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ)ဒုတိယငါးလပတ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးများက ထပ်မံဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီ(၈)ရပ်က ဥက္ကဋ္ဌများက မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်လမ်းညွှန်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

သဘာဝဘေးလျော့ပါးရေး ပညာပေး ဟောပြော

ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၂၃

ရခိုင်ပြည်နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပြည်နယ်မှူး ဦးမြင့်စိုးသည် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း အမှတ်စဉ် (၉/၂၀၁၃)မှ သင်တန်းသားသင်တန်းသူများနှင့်အတူ ဒီဇင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီက ပုဏ္ဏားကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဦးရာဇ်မင်္ဂလာခန်းမ၌ သဘာဝဘေးလျော့ပါးရေး အသိပညာပေး ဟောပြောပွဲ အခမ်းအနားကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်မှူးက သဘာဝဘေးကျရောက်လာပါက ဆောင်ရန်ရှောင်ရန် နည်းလမ်းကောင်းများကို လက်ရှိကျင့်သုံးလျက်ရှိသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်း စီမံချက်များနှင့် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ တက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများက သိလိုသည်များကို မေးမြန်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါအဖွဲ့သည် မြို့မအထက နှင့် စေတီရင်းကျေးရွာသို့ သွားရောက်ပြီး လက်တွေ့ကွင်းဆင်းသရုပ်ပြ ဆောင်ရွက်မှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သူ(ပုဏ္ဏားမြို့)

လွှတ်တော်၊ ဆည်မြောင်း၊ တောင်သူပူးပေါင်းပြီး မိုးညှင်းအင်ကြင်းကုန်းရေသွင်းမြောင်းတူးဖော်မည်

မိုးညှင်း ဒီဇင်ဘာ ၂၃

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာအုပ်စုသည် မိုးစပါးနှင့် ဆောင်းသီးနှံကို အဓိက စိုက်ပျိုးထုတ်လုပ်နေပြီး အထွက်နှုန်း ကောင်းသဖြင့် တောင်သူများ ဝင်ငွေတိုးလျက် ကျေးလက်လူမှုစီးပွားဘဝလည်း တိုးတက်မြင့်မားနေပြီဖြစ်သည်။

မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာအုပ်စုမှ တောင်သူများသည် ဆားလှော်ချောင်း(အင်ကြင်းကုန်းမြောင်း) နှင့် မရမ်းကုန်းမြောင်းတို့မှ စီးဆင်းနေသော စိုက်ပျိုးရေကို အဓိကမှီခိုအားထားနေရပြီး လယ်ဧက ၁၀၀၀ ကျော်ကို အကျိုးပြုလျက်ရှိသည်။ သို့သော် အဆိုပါ မြောင်းများသည် စပါးစိုက်သိမ်းချိန်၌ တစ်ခါတစ်ရံ ရေကြီးရေလျှံမှု ဖြစ်ပွားခြင်း၊ မြောင်းများအတွင်း သဲနုန်းဝင်ရောက်မှုရှိခြင်းတို့ကြောင့် စပါးအထွက်နှုန်းကိုလျော့နည်းစေခြင်း၊ စပါးများ အလေအလွင့်များပြားခြင်း၊ စပါးအရည်အသွေး ကျဆင်းခြင်းတို့ဖြင့် ကြုံတွေ့ကြရကြောင်း သိရသည်။

ထို့ကြောင့် မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်တို့သည် မြို့နယ် ဆည်မြောင်းဦးစီးဌာနမှူး ဦးခင်မောင်လွင်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းသိန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးမင်းဇော်တို့နှင့်အတူ အင်ကြင်းကုန်းကွင်းအခြေအနေကိုကွင်းဆင်းကြည့်ရှုခဲ့ကြသည်။ **(အောက်ပုံ)**

ယခုအခါ ဆည်မြောင်းဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခွင့်ပြုရန်ပုံငွေဖြင့် ဆားလှော်ချောင်း(အင်ကြင်းကုန်းမြောင်း) မြောင်းခွဲရေထိန်းအဆောက်အအုံကို တည်ဆောက်ပေးသွားမည်ဖြစ်ပြီး အင်ကြင်းကုန်းမြောင်း တူးဖော်ခြင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားဖြင့် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုရန်ပုံငွေအပါအဝင် တောင်သူများ၏အင်အားကို ရယူလျက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသဖြင့် တောင်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်း သိရသည်။

ကေဆိုင်းနော် (ဖားကန့်)

တောင်တွင်းကြီးမူကြို ဒီဇင်ဘာ အားကစားပြိုင်ပွဲ ကျင်းပ

တောင်တွင်းကြီး ဒီဇင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ မိခင်နှင့်ကလေးမူကြိုကျောင်း၌ ဒီဇင်ဘာ အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ မူကြိုကျောင်းသားကျောင်းသူလေးများက အားကစားနည်း ၁၀ မျိုးကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ဒီဇင်ဘာ အားကစားပြိုင်ပွဲ၌ ကျောင်းသား ကျောင်းသူများ အားကစားနည်း ၁၀ မျိုးကို ယှဉ်ပြိုင်ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွဋ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ပြုံးကြည်နှင့် အသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများက ကြည့်ရှုအားပေးကြသည်။ ထို့နောက် အလှူရှင်မိသားစုတစ်ဦးက သင်ထောက်ကူပစ္စည်းများပေးအပ်လှူဒါန်းရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ခဲ့သည်။

အားကစားပြိုင်ပွဲများတွင် ပထမ၊ဒုတိယ၊တတိယဆုရရှိသူများအား လွတ်လပ်ရေးနေ့အခမ်းအနားတွင်ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ဝင်း

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)ရှိ 750 Tons Crawler Crane အစိတ်အပိုင်း ၁၂၃၉.၄၆၈ တန်အား သီလဝါဆိပ်ကမ်း(ရန်ကုန်)သို့ ရေလမ်းဖြင့် သယ်ပို့မည့်လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်-

၂။ **တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက်** - ၂၄-၁၂-၂၀၁၃ ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃-၁-၂၀၁၄ ရက်၊ ၁၂:၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅

(၂၉)ကြိမ်မြောက် ယခင် အစိုးရအထက်တန်းကျောင်း အထက(၁) မော်ကျွန်း အာစရိယပူဇော်ပွဲကျင်းပမည်

အထက(၁) မော်ကျွန်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၈ရက် (စနေနေ့) ညနေ ၅နာရီတွင် အထက(၁) မော်ကျွန်းကျောင်းရင်ပြင်တွင် ကျင်းပမည်ဖြစ်ပါသဖြင့် ဤကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အပင့်ဖိတ်ခံဆရာကြီး ဆရာမကြီးများနှင့် ပညာသင်ယူကြသော ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် အခမ်းအနားဖြစ်မြောက်ရေးကော်မတီက တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အာစရိယပူဇော်ပွဲကို အလှူငွေထည့်ဝင်လိုသူများအနေဖြင့် ဦးစံသိန်း(နာယက) ဖုန်း-၀၄၂-၅၀၁၅၂၊ ဦးလှစိုး(ဥက္ကဋ္ဌ) ဖုန်း-၀၄၂-၅၀၂၁၃၊ ဦးသောင်းဦး (အတွင်းရေးမှူး) ဖုန်း-၀၉-၄၉၇၂၉၃၇၅၊ ဦးချို့ဝင်း ဖုန်း-၀၉-၇၃၀၉၆၅၆၆၊ ဒေါ်မြမြအေး ဖုန်း-၀၉-၄၅၀၀၃၂၆၂၄၊ ဒေါက်တာအေးကွန်း ဖုန်း-၀၉-၃၇၂၂၅၇၀၄၊ ဒေါက်တာခင်ဇော် ဖုန်း-၀၉-၅၀၁၃၉၉၇တို့ထံ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ရွာမဓာတ်အားပေးစက်ရုံနှင့် သာကေတ ဓာတ်အားပေးစက်ရုံများအတွက် လိုအပ်သော Control Card နှင့် စက်အရန်ပစ္စည်းများကို နိုင်ငံခြား ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၃-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) ရေနွေးငွေ့တာဘိုင်အတွက် လိုအပ်သော လျှပ်စစ်ပစ္စည်းများဝယ်ယူခြင်း
(၂) STG နှင့် ရေသန့်အတွက် လိုအပ်သော Mechanical Parts များ ဝယ်ယူခြင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၃-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ သာကေတဓာတ်အားပေးစက်ရုံရှိ ချွတ်ယွင်းသွားသော 33/11kV, 5MVA Transformer နှစ်လုံးအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို၍ ပြန်လည်ပြုပြင်လိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၂၃-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၁-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကညွတ်ကွင်းမြို့ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကျောက်တိုင်အား ဆေးသုတ်သန့်ရှင်းရေးပြုလုပ်

ဖြူး ဒီဇင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အောင်တော်မူပိဋကတ်တိုက်ရှေးဟောင်းအဆောက်အအုံကြီးရှေ့ရင်ပြင်ရှိ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကျောက်တိုင်ကို (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကညွတ်ကွင်းမြို့အောင်တော်မူပိဋကတ်တိုက် ပြုပြင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဆရာကြီး ဦးမြင့်မောင်နှင့် အတွင်းရေးမှူး ဦးဗိုလ်လေးတို့ ဦးဆောင်သော အဖွဲ့တို့က ဒီဇင်ဘာ ၁၉ ရက် နံနက်က လွတ်လပ်ရေးကျောက်တိုင်ကို ဆေးသုတ်ခြင်းနှင့်သန့်ရှင်းရေးများ လုပ်အားပေးဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ကျောက်တိုင်ရှေ့ရင်ပြင်တွင် နှစ်စဉ်လွတ်လပ်ရေးနေ့ ဇန်နဝါရီလ ၄ ရက်နေ့ကျရောက်တိုင်း အလံတင်အခမ်းအနားကျင်းပခြင်းနှင့် ပျော်ပွဲရွှင်ပွဲများအဖြစ် ချောတိုင်တက်ယှဉ်ပြိုင်ခြင်း၊ အပြေးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်စသည့် အားကစားပြိုင်ပွဲများ ကျင်းပပြီး ယင်းအောင်တော်မူပိဋကတ်တိုက်တော်ကြီးမှာ ဒုတိယကမ္ဘာစစ်မတိုင်မီ ၂၆-၁၁-၁၉၂၆ ခုနှစ်က စတင်ဆောက်လုပ်ခဲ့သော ရှေးဟောင်းအဆောက်အအုံဖြစ်၍ အောင်တော်မူပိဋကတ်တိုက်ပြုပြင်စောင့်ရှောက်ထိန်းသိမ်းရေးကော်မတီဝင်များနှင့် ကညွတ်ကွင်းမြို့သူ မြို့သားများက ရေရှည်တည်တံ့ခိုင်မြဲစေရန် အစဉ်မပြတ်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

ဖြူး-မြင့်ဦး

ငဖဲမြို့နယ် တရားရုံးသစ်အဆောက်အအုံ မြေသန့်ပန္နက်တင်

ငဖဲ ဒီဇင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်တရားရုံးသစ်အဆောက်အအုံဆောက်လုပ်ရန် မြေသန့်ပရိတ်ရွတ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၇ နာရီခွဲက တရားရုံးသစ်ဆောက်လုပ်မည့်မြေနေရာ၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်နှင့်ဌာနဆိုင်ရာများ၊ မြို့နယ်တရားရုံးဝန်ထမ်းများ၊ ခိုင်ထူးဆောက်လုပ်ရေးကုမ္ပဏီအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ မင်္ဂလာအချိန်တွင် ပင့်သံဃာငါးပါးက မြေသန့်ပရိတ်ရွတ်ဖတ်ပူဇော်ကြပြီး နေ့နံအလိုက် ဌာနတာဝန်ရှိသူများက ပန္နက်တင်စိုက်ထူပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

အဆိုပါ မြို့နယ်တရားရုံးသစ် အဆောက်အအုံကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး ရန်ပုံငွေဖြင့် (၅၀×၂၆×၂၈)ပေ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ခိုင်ထူးကုမ္ပဏီက တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

ဒေါ်ဖျာကျေးရွာ ဖူးပွင့်သစ်စာကြည့်တိုက်ဖွင့်

ကော့ကရိတ် ဒီဇင်ဘာ ၂၃

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၄၀ နှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၆၅၈၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၄၆၅၈၀၀၀ တန်ဖိုးရှိ အလျားပေ ၃၀၊ အနံပေ၂၀၊ အမြင့် ၁၁ ပေရှိသော သွပ်မိုး၊ အုတ်ကာ သမံတလင်းခင်း ဖူးပွင့်သစ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကော့ကရိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်းလေးနွယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမန်းဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ကော့ကရိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦး၊ ကျုံဒိုးမြို့ရဲစခန်းမှူး ရဲအုပ်ဇော်နိုင်အောင်တို့က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်လေးနွယ်က စာကြည့်တိုက်ရှင်သန်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ကျုံဒိုးမြို့ရဲစခန်းမှူးနှင့် ကျေးရွာသူကျေးရွာသားများက စုစုပေါင်းစာအုပ် ၅၇၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တက်ရောက်လာသူများက ထည့်ဝင်မတည်ငွေကျပ် တစ်သိန်းနှင့် ဦးစိုးနိုင်နှင့်ကျေးရွာပြည်သူများက ဗီရိုတစ်လုံး၊ ခုံရှည်တစ်လုံး၊ နာရီတစ်လုံး၊ ကုလားထိုင် လေးလုံး၊ စားပွဲရှည်နှစ်လုံးတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရွှေရင်အေးဆရာတော် ဖြူစင်မေတ္တာသို့ မော်တော်ယာဉ်လှူဒါန်း

ပုသိမ် ဒီဇင်ဘာ ၂၃

ပုသိမ်မြို့ အမှတ် (၈) နယ်မြေ ဧရာမင်းရပ်ကွက် ဓမ္မသီတဂူပဋ္ဌာန်းဓမ္မာရုံ၌တည်ရှိသော ဖြူစင်မေတ္တာလူမှုကူညီရေးအသင်းသို့ ဒီဇင်ဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်းစံပြကျေးရွာ ရွှေရင်အေးမဟာစည်သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တပညာဇောတ အရှင်မြတ်၏ မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရွှေရင်အေးမဟာစည်ဆရာတော် ဘဒ္ဒန္တပညာဇောတအရှင်မြတ်ကဆွဲ့ပရိသတ်အပေါင်းအား ငါးပါးသီလချီးမြှင့်တော်မူပြီး ပုသိမ်မြို့ ဖြူစင်မေတ္တာလူမှုကူညီရေးတွင် လိုအပ်လျက်ရှိသော ဆေးဝါးပစ္စည်းအသုံးအဆောင်နှင့်နယ်လှည့်ဆေးကုသရေးလူနာတင်မော်တော်ယာဉ်များ ပြည့်စုံစေရန်အတွက် မော်တော်ယာဉ်တစ်စီးလှူဒါန်းရခြင်းဖြစ်ကြောင်း မိန့်ကြားတော်မူပြီး ရေစက်ချတရားဟော၍ မော်တော်ယာဉ်နှင့်တကွ စာချုပ်စာတမ်းများပါ ဖြူစင်မေတ္တာ ဒုတိယဥက္ကဋ္ဌ ဦးသန်းထွန်းနိုင်ထံသို့ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဖြူစင်မေတ္တာလူမှုကူညီရေးအသင်းကိုယ်စားနာယက ဗိုလ်ကြီးညွန့်လွင်(ငြိမ်း)က ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ပြောကြားသည်။

ပုသိမ်-လှကြည်

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (ရခိုင်ပြည်နယ်) နှစ်ပတ်လည် အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပ

စစ်တွေ ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (ရခိုင်ပြည်နယ်)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ပြည်နယ်အလုပ်အမှုဆောင်သစ်များ ရွေးချယ်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းနာယက ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ကိုယ်စား ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်သူရိန် တက်ရောက်ပြီး အမှာစကားပြောကြားသည်။ ထို့နောက် အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပကြသည်။

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (ရခိုင်ပြည်နယ်)၏ အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲကို နှစ်နှစ်လျှင် တစ်ကြိမ်စီ ကျင်းပကြောင်း သိရသည်။

(လ/၀၀၃)

စလင်းမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

စလင်း ဒီဇင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် မိုးစပါးရိတ်သိမ်းခြင်းနှင့် ထွက်နှုန်းမှတ်တမ်းတင်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက လက်မဲကျေးရွာ တောင်သူဦးဘိုမြင့်၏ကွင်းအမှတ် ၁၉၆၊ ဦးပိုင်အမှတ် ၅၈ ရှိ မိုးစပါးစိုက်ခင်း၌ ပုလဲသွယ်အထွက်တိုး စပ်မျိုးစပါးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်စိုက်/ညှိအဖွဲ့များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာတောင်သူများက စံကွက်ကိုရိတ်သိမ်းခဲ့ကြရာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၁၆၄ ဒသမ ၀၆ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရော်ဘာပစ္စည်းစက်ရုံခွဲ(ရွှေဟသ်ာလမ်း) နှစ်ရှည်ငှားရမ်း(သို့မဟုတ်)အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)လက်အောက်ရှိ ရော်ဘာပစ္စည်းစက်ရုံခွဲ(ရွှေဟသ်ာလမ်း)ကို နှစ်ရှည်ငှားရမ်း(သို့မဟုတ်)အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ နှစ်ရှည်ငှားရမ်း(သို့မဟုတ်)အကျိုးတူပူးပေါင်းဆောင်ရွက်မည့် စက်ရုံဧရိယာမှာ (ဈေးဆိုင်ခန်းများမပါ) ၂ဒသမ ၇၅ဧကဖြစ်ပါသည်။

၃။ တင်ဒါများကို ငွေကြေးဆိုင်ရာအဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်ဖြစ်ပါသည်။

၄။ စိတ်ဝင်စားသူများအနေဖြင့် တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းတွင် ၂၄-၁၂-၂၀၁၃ရက် ၀၉း၀၀နာရီမှစတင်၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)ဖြင့် စတင်ဝယ်ယူနိုင်ပြီး ၇-၁-၂၀၁၄ရက် (အင်္ဂါနေ့) ၁၃း၀၀နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၁၅၁၊ ၀၆၇-၄၀၅၀၅၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် နောက်ဆက်တွဲဆောင်ရွက်မည့် မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း(မုံရွာခရိုင်၊ ပုလဲမြို့နယ်အပိုင်း)လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်အောက်ပါပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ခွဲကျောက်ရွယ်စုံ	၁၉၆၀ ကျင်း
၂။	ဘိလပ်မြေ	၅၃၃ တန်
၃။	သံချောင်းလုံးရွယ်စုံ	၄၅.၅ တန်
၄။	သဲ	၃၀၄ ကျင်း
၅။	မြစ်ကျောက်	၄၀၆ ကျင်း
၆။	အုတ်	၆၄၃၀၀ ချပ်

တင်ဒါလျှောက်လွှာပိတ်ရက် - ၃-၁-၂၀၁၄ ရက်

တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - မွန်းလွဲ ၁း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို မုံရွာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ၂၂-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၁-၂၁၀၁၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားပိုင်၊ ရန်ကုန်ဘူတာကြီး (ယခင်စခန်းသာဟိုတယ်) နှစ်ထပ်အဆောက်အအုံမှ အောက်ဖော်ပြပါအခန်းများအား ရုံးခန်းအဖြစ် သုံးနှစ်ငှားရမ်းလုပ်ကိုင်ခွင့်ကို ရန်ကုန်ဘူတာကြီး VIP ဧည့်ခန်း၌ ၂၇-၁၂-၂၀၁၃ရက် ၁၃း၀၀နာရီတွင် အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူဆောင်ရွက်မည်ဖြစ်ပါသည်-

(က) မြေညီထပ် (၄၅ပေ×၂၀ပေ) တစ်ခန်း၊ (၃၁ပေ×၁၆ပေ)တစ်ခန်း၊ (၃၅ပေ×၁၀ပေ) တစ်ခန်း၊ စုစုပေါင်းသုံးခန်း

(ခ) ပထမထပ် (၁၈ပေ×၁၄ပေ) နှစ်ခန်း၊ (၂၀ပေ×၂၀ပေ)တစ်ခန်း၊ (၂၀ပေ×၁၈ပေ) တစ်ခန်း၊ (၁၈ပေ×၁၈ပေ)သုံးခန်း၊ စုစုပေါင်း ခုနစ်ခန်း၊

၂။ မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၇)ရုံး၊ ရန်ကုန်ဘူတာကြီး(ပထမထပ်)၌ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/နှုန်းဖြင့် ၂၃-၁၂-၂၀၁၃ရက်မှ ၂၆-၁၂-၂၀၁၃ရက်အထိ နေ့စဉ် (ရုံးပိတ်ရက်များမပါ) ၀၉း၀၀ နာရီမှ ၁၆း၀၀ နာရီအချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၇)ရုံး၊ ရန်ကုန်ဘူတာကြီး(ပထမထပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၃၉၃၄၂၈၊ ၀၁-၇၀၄၇၉၁၊ ၀၉-၄၉၂၁၃၁၃၀ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါကော်မတီ

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လယ်ဝေးမြို့၊ အမှတ်(၅)ရပ်ကွက်၊ အင်တိုင်းသာ(၃)လမ်း၊ အိမ်အမှတ်(၅/၂၅၄)နေ (ဘ) ဦးစိုးလှိုင်၊ မိခင် ဒေါ်ဝိုင်းကြည်တို့၏သမီး မဇာခြည်လွင် ၉/လဝန(နိုင်)၁၅၀၁၇၇သည် မိဘတို့၏ဆိုဆုံးမမှုများကိုမနာခံပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဦးစိုးလှိုင်-ဒေါ်ဝိုင်းကြည်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၉၁၉၄ Toyota Estima Mini Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာသိန်း ၁၂/မဂတ(နိုင်)၀၆၃၅၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တန့်ဆည်မြို့နယ်၊ ကံထူးမအုပ်စု၊ ကံထူးမစံပြကျေးရွာနေ ကျွန်တော်၏သမီး ဒေါ်သီတာဌေး ၅/တဆန(နိုင်)၀၉၆၉၇၂သည် မိဘအပေါ် ဂုဏ်ငယ်အောင်ပြောဆိုခြင်း၊ တရားစွဲဆိုခြင်း၊ မိဘအား မျက်ရည်ကြီးငယ်ကျအောင်ပြုလုပ်သဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ယနေ့မှစ၍ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သောကိစ္စအဝဝသည် မိဘများနှင့်မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင်-ဦးအောင်ဆန်း

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

အာခါတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်

ကျိုင်းတုံ ဒီဇင်ဘာ ၂၃

အာခါတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီက ကြီးမှူးစီစဉ်ဆောင်ရွက်မှုဖြင့် (၃၉)ကြိမ်မြောက် အာခါတိုင်းရင်းသားများစုပေါင်းနှစ်သစ်ကူးပွဲတော်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့မ အားကစားကွင်းကြီးအတွင်း၌ ဒီဇင်ဘာ ၂၇၊ ၂၈နှင့် ၂၉ ရက်တို့ တွင် အာခါတိုင်းရင်းသားများ၏ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများနှင့် အညီ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အာခါတိုင်းရင်းသားများသည် ရာသီနှစ်တစ်နှစ်တာအား တိရစ္ဆာန်အကောင် ၁၂ ကောင်တို့ဖြင့် သတ်မှတ်ထားရှိရာ ယခုနှစ် ၂၀၁၃ ခုနှစ် ပူးနှစ်မှ ၂၀၁၄ ခုနှစ် မြင်းနှစ်သို့ ကူးပြောင်းရောက်ရှိမည်ဖြစ်ကြောင်း၊ နှစ်စဉ် ဒီဇင်ဘာလ ၂၈ ရက်ကို အာခါတိုင်းရင်းသားများ၏ နှစ်သစ်ကူးရက်မြတ်မင်္ဂလာနေ့ရက်အဖြစ် သတ်မှတ်ထားရှိကြောင်း၊ တစ်နှစ်တာရာသီကာလအတွင်း ကျင်းပကြသည့်ပွဲတော်များထဲတွင် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံး၊ အကြီးအကျယ်ဆုံးပွဲတော်အဖြစ် သတ်မှတ်ထားရှိကြောင်း၊ တစ်နှစ်တာ ကာလအတွင်း ရှာဖွေစုဆောင်းရရှိလာခဲ့သည့် ဥယျာဉ်ခြံမြေကွက် အသီးအနှံများနှင့်ပစ္စည်းဥစ္စာများမှ ဦးဦးဖျားဖျားကို ပါဝင်လှူဒါန်းဆောင်ရွက်မှု ပြုလုပ်ကြသည့် ပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း ယခင်ကာလများက အာခါတိုင်းရင်းသားများအနေဖြင့် နှစ်သစ်ကူးပွဲတော်များကို တောင်ပေါ်ဒေသများတွင်သာ တစ်မိသားစုအတွင်း ဖြစ်စေ၊ တစ်ရွာချင်းဖြစ်စေ တကွဲတပြားကျင်းပလာခဲ့ကြရာမှ ၁၉၇၅ ခုနှစ်မှ စတင်က အာခါတိုင်းရင်းသားများအားလုံး စုပေါင်းကာ နှစ်သစ်ကူးပွဲတော်ကို ကျိုင်းတုံမြို့၌ ဆင်ယင်ကျင်းပလာခဲ့ရာ ယခုနှစ် ၂၀၁၃ ခုနှစ်တွင် (၃၉)ကြိမ်မြောက်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်း၏ ကောင်းကျိုးရလဒ်တစ်ခုအဖြစ် အနီးဝန်းကျင်ရှိကျေးရွာများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာ

ဂန့်ဂေါ ဒီဇင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီးတွင် မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယင်းစီမံကိန်း၏ ကောင်းကျိုးရလဒ်တစ်ခုအဖြစ် စီမံကိန်းအနီးရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး သွားလာရေးလွယ်ကူလာသည့် ကောင်းကျိုးကို လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း သိရသည်။ မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အကြိုတည်ဆောက်မှု လုပ်ငန်းအဖြစ် ထီးလင်း-ဂန့်ဂေါလမ်းခွဲမှ တမံအထိ တမံချဉ်းကပ်လမ်းကို ဖောက်လုပ်ခဲ့သည်။ ယင်းတမံချဉ်းကပ်လမ်းပေါ်ရှိကန်ဇွန်းထောင့်ကျေးရွာအနီးမှ တမံအထိ မောချောင်းတံတား (ကန်ဇွန်းဒေါင့်)မှာ တံတားခံ နိုင်ဝန်အား ၃၆ တန်ရှိပြီး ရာသီမရွေး သွားလာနိုင်သော တံတားဖြစ်သည်။ ယင်းလမ်းကြောင့် ထီးလင်းမြို့နယ်အတွင်းရှိ ရေမျက်နီ၊ အညာတော၊ တောမ၊ ဆေးမင်းတော၊ ကန်ဇွန်းထောင့်၊ သံပရာ၊ ယင်းမာ စသည့် ကျေးရွာများ၊ ဂန့်ဂေါမြို့နယ်အတွင်းရှိ ဖက်ဝန်း၊ ချောင်းနက်၊ မင်းရွာ စသည့်ကျေးရွာများ တစ်ရွာနှင့်တစ်ရွာ သွားလာဆက်သွယ်ရေး လွယ်ကူလာသည်။ ယင်းတမံချဉ်းကပ်လမ်းအပြင် တမံအနီးရှိ ကျေးရွာများသွားလာရေး လွယ်ကူစေရန် မြေသားလမ်းများလည်း ဖောက်လုပ်ပေးထားသည်။ ထို့အပြင် ဆည်ရေသောက်စနစ် တည်ဆောက်ရာတွင် ရေပေးတူးမြောင်းမကြီးကို ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာအနီးအထိ ဖောက်လုပ်တည်ဆောက်မည်ဖြစ်ရာ တူးမြောင်းမကြီးဘေးတစ်လျှောက်ရှိ တူးမြောင်းပေါင်လမ်းသည်လည်း လမ်းတစ်လျှောက်ရှိ ကျေးရွာများအတွက် လမ်းပန်းဆက်သွယ်ရေး အကျိုးပြုမည်ဖြစ်သည်။ ရေပေးတူးမြောင်းသည် ပြင်သာ၊ လက်ဝဲကုန်း၊ ပေါ်လယ်၊ လီလင်း၊ ပန်းထိပ်၊ ရွာသာ၊ ဝက်ချိပ်၊ ဇီးပြား၊ မကျည်းခင်စသည့်ကျေးရွာများ အနီးဝန်းကျင်တွင် ဖြတ်သန်းဖောက်လုပ်မည်ဖြစ်ကြောင်းသိရသည်။ တမံအနီးတွင် အသစ်ဖော်ထုတ်တည်ဆောက်ထားသည့် ပနန်း၊ စပယ်၊ ယင်းမာ၊ စင်ပုံအမည်ရှိ မြို့ကွက်လေးခုသည် ဒေသဖွံ့ဖြိုးရေးအတွက် အချက်အချာကျသည့်နေရာ ဒေသတစ်ခုဖြစ်လာဖွယ်ရာရှိသည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးသည် မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်း၏ အကျိုးပြုမှုတစ်ခုဖြစ်ပြီး ရေအားလျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ် နှစ်စဉ်ပျမ်းမျှလျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ ကို ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ဆည်ရေသောက် ဧရိယာ ဧက ၁၂၀၀၀ ကို စိုက်ပျိုး ရေပေးဝေ၍ သီးညှပ်သီးထပ်စိုက်ပျိုးနိုင်ခြင်း၊ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးကို အထောက်အကူဖြစ်စေခြင်း၊ တမံစီမံကိန်းတွင် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ခြင်း၊ ရောင်းရေးဝယ်တာများ ကောင်းမွန်လာနိုင်ခြင်း စသည့်အကျိုးပြုမှုများလည်း ပေါ်ထွန်းလာမည်ဖြစ်သည်။

ချိုင့်ဝှမ်း၊တောင်တန်း၊မြစ်၊ချောင်းပေါများသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော မြစ်သာမြစ် အထက်ပိုင်းဝန်းကျင်ရှိ ယောနယ်ဒေသ ဂန့်ဂေါနှင့် ထီးလင်းမြို့နယ်များအတွင်းရှိ ကျေးရွာများသည် မြစ်သာရေလှောင်တမံစီမံကိန်း၏ အကျိုးကျေးဇူးဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လျက် ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ကလေး-တမူးလမ်းမကြီးပေါ်တွင် တမလန်းသစ်များဖမ်းဆီးရမိ

ကလေး ဒီဇင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဒီဇင်ဘာ ၂၀ ရက်က ဖောင်ကူးတံတားအနီး ကလေး-တမူးလမ်းမကြီးပေါ်တွင် ခရိုင်အထူး နှိမ်နင်းရေးခေါင်းဆောင် ရဲအုပ်သီဟနှင့် မြို့နယ်သစ်တောဦးစီးဌာနမှတောအုပ်ကြီးဦးဆွမ်းထက်ကိုတို့သည် သတင်းအရ ဖောင်ကူးတံတားတွင် စောင့်ဆိုင်းနေစဉ် တာဟန်းနယ်မြေ (၁၃)ရပ်ကွက်နေ ယာဉ်မောင်း ဦးဒါလ်ခမ်းခိုင် (၃၁နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် စ/---- ခြောက်ဘီးကားကို ရပ်တန့်စစ်ဆေးရာ တရားမဝင်သယ်ဆောင်လာသော တမလန်းသစ်သားဆိုက်အစုံကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ၄င်းကားပေါ်မှ ငွေကျပ် ၈၁၀၉၀၀တန်ဖိုးရှိ တမလန်းသစ် (ခွဲသား)ဆိုက်မျိုးစုံ ၆၆ တုံး၊ ၃ ဒသမ ၂၄၃၆တန်၊ ငွေကျပ် ၈၁၀၉၀၀ တန်ဖိုးရှိ တမလန်းသစ်သားဆိုက် မျိုးစုံ ၄၇ လုံး၊ ၂ ဒသမ ၂၇၀ တန်၊ ငွေကျပ် ၇၀၀၀၀ တန်ဖိုးရှိ တမလန်းသစ်သားဆိုဒ်မျိုးစုံခြောက်လုံး ၀ ဒသမ ၅၆၀ တန် စုစုပေါင်း ၆ ဒသမ ၀၇၃၆ တန်၊ တန်ဖိုးငွေကျပ် ၉၃၇၃၀၀ တို့ကို သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

သျှင်နေမင်း

တောအုပ်ထဲမှ ပြေးထွက်လာသောဆတ် သုံးဘီးဆိုင်ကယ်ကိုတိုက်မိ၍ လူရောဆတ်ပါသေဆုံး

ထားဝယ် ဒီဇင်ဘာ ၂၃

ထားဝယ်မြို့မှ မောင်းမကန်ပင်လယ်ကမ်းခြေသို့ မောင်းနှင်လာသော သုံးဘီးဆိုင်ကယ်ကို တောအုပ်အတွင်း ညွှတ်ကွင်းမှလွတ်မြောက်ပြေးထွက်လာသော ဆတ်တစ်ကောင်က ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ လောင်းလုံးမြို့နယ် တောရှည်ရွာအနီး တောအုပ်ထဲတွင်ညွှတ်ကွင်းမိနေသော ဆတ်တစ်ကောင်သည် ညွှတ်ကွင်းမှလွတ်မြောက်ထွက်ပြေးလာရာ ထားဝယ်မှ မောင်းမကန်ပင်လယ်ကမ်းခြေသို့ သန့်ဇော်ထွန်း မောင်းနှင်လာသော ၅ဟ/---သုံးဘီးဆိုင်ကယ်ကို အရှိန်ဖြင့်ဝင်တိုက်မိရာ သုံးဘီးဆိုင်ကယ် တိမ်းမှောက်သွားပြီး သုံးဘီးဆိုင်ကယ်ပေါ်တွင် လိုက်ပါလာသော ကိုထွန်းထွန်းနိုင်မှာ ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိပြီး သုံးဘီးဆိုင်ကယ်ဖြင့် တိုက်မိသော ဆတ်မှာလည်းနေရာ၌ ပွဲချင်းပြီးသေဆုံးသွားသည်။

လိုက်ပါလာ

သုံးဘီးဆိုင်ကယ်ပေါ်တွင် လိုက်ပါလာသော ကိုထွန်းထွန်းနိုင် (၃၉နှစ်)ကို ခရီးသွားများက ထားဝယ် အထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ခဲ့ပြီး ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက သေဆုံးသွားကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် အောက်ပါပစ္စည်းများကို လမ်းအလိုက်/ မြို့နယ်အလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	သံချောင်းရှယ်စုံ	၂၄၀ တန်
၂။	ဘိလပ်မြေ	၁၃၀၀ တန်
၃။	မြစ်သဲ	၇၂၀ ကျင်း
၄။	မြစ်ကျောက်စရစ်	၇၇၅ ကျင်း
၅။	မတောင့်တကျောက်	၁၃၅၃၀ ချပ်
၆။	အုတ်	၇၅၀၀၀ ချပ်
၇။	၆"-၉" ကျောက်	၆၆၂ ကျင်း
၈။	၃" အောက်ကျောက်	၄၁၆ ကျင်း
၉။	၂"-၄" ကျောက်	၃၁၃ ကျင်း
၁၀။	၁"-၂" ကျောက်	၇၉၃ ကျင်း
၁၁။	၁" သပ်ကျောက်	၁၉၀ ကျင်း
၁၂။	၁/၄"- ၃/၄" ကျောက်	၄၆၅ ကျင်း
၁၃။	၁/၈"-၁/၄"ကျောက်	၁၂၀ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် -၃-၁-၂၀၁၄ ရက်

တင်ဒါလျှောက်လွှာပိတ်မည့်အချိန်-မွန်းလွဲ ၁ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို မုံရွာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ၂၂-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖုန်း-၀၇၁-၂၁၀၁၆

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်ပင်လယ်နေ
(ဦးသောင်းဖေ)-ဒေါ်မြမြသန်း (အထက်တန်းသူနာပြု-ငြိမ်း)တို့၏သားငယ်

ဒုရဲအုပ်ထင်လင်းထိုက်

ဧရာဝတီတိုင်းဒေသကြီး (ဇလွန်မြို့မရဲစခန်း)

နှင့်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ မြမာလာရပ်နေ
ဦးထွန်းညွန့် (စာရင်းကိုင်-ပတ္တမြားနဂါးကုမ္ပဏီ)-
ဒေါ်ခင်မာငွေ(မုံရွာမြို့နယ်ပညာရေးမှူး)တို့၏ တစ်ဦးတည်းသောသမီး

မထက်နန္ဒာခင် (3rd , Eco)

တို့သည် ၁၄-၁၂-၂၀၁၃ရက်တွင် နှစ်ဖက်သောမိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် ဒုရဲအုပ်ထင်လင်းထိုက်-မထက်နန္ဒာခင်**

မွေးနေ့ဆုတောင်းလွှာ

ပါးပါးနှင့် မေမေတို့ရဲ့ တစ်ဦးတည်းသောသားလေး မောင်အောင်သူရဦး(ခ)တိုးလီ Grade (II) အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပဲခူး၏၂၄-၁၂-၂၀၁၃ရက်တွင် ကျရောက်သော (၇)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် အသက်ရာကျော်ရှည်၍ထူးချွန်ထက်မြက်ပြီး အမျိုးဘာသာ၊သာသနာအကျိုး တိုင်းပြည်အကျိုး သယ်ပိုးနိုင်သော သားကောင်းရတနာအဖြစ် ပျော်ရွှင်နိုင်ပါစေကြောင်း။

ပါးပါး - ဦးကျော်သန်းလင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ရုံး)

မေမေ - ဒေါ်စန္ဒာလင်း(ခ)ပိုးလေး

မိဘအမည်မှန်

မိုးမိတ်မြို့နယ်၊ လက်ခုပ်တန်းရပ်ကွက်၊ စည်ပင်လမ်း၊အိမ်အမှတ်(၅၄)နေ မောင်စိုင်းမိုးဦး၏ မိဘအမည်မှန်မှာ ဦးနေဦး(ခ)ဦးညီညီ ၉/မကန(နိုင်)၀၁၇၆၇နှင့် ဒေါ်စောညွန့် ၁၃/မမတ(နိုင်)၀၀၀၀၉၄ဖြစ်ပါကြောင်း။

ဦးနေဦး(ခ)ဦးညီညီ-ဒေါ်စောညွန့်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၇၄၁၁၇ Anbo-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဝင်း ၇/ရကန(နိုင်)၀၁၂၈၈၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)

နယ်သတင်းနှင့်ဆောင်းပါး

အမျိုးသမီးအိမ်တွင်းမှုသင်တန်း ပေါက်မြို့၌ဖွင့်

ပေါက် ဒီဇင်ဘာ ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ပေါက်မြို့)၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၂၅)နှင့်အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၁)ဖွင့်ပွဲကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင် တက်ရောက် အမှာစကားပြောကြားဖွင့်လှစ်ပေးသည်။ ဆက်လက်၍ သင်တန်းကျောင်းအုပ်ကြီး ဒေါ်စောသီတာဆွေက သင်တန်းစည်းကမ်းချက်များနှင့် အမျိုးသမီးငယ်များအား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်တွင်းမှုလုပ်ငန်း ပညာရပ်များသင်ကြားပေးပြီး ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများထူထောင်ပေးနိုင်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်၍ အမျိုးကောင်း သားသမီးများပီသစွာ နေထိုင်ရေး၊ မိမိတို့၏တိုင်းရင်းသား ရိုးရာဝတ်စုံများကို ရေးမူမပျက်စေဘဲ ခေတ်မီဆန်းသစ်သည့် လက်ရာများဖြင့်ပေါင်းစပ်တီထွင်၍ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရေးရည်ရွယ်ကာ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မောင်စိုး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ သင်တန်းကျောင်းအုပ်ကြီးနှင့်သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ယခုသင်တန်းတွင် အခြေခံအိမ်တွင်းမှုသင်တန်းသူ ၄၆ ဦး၊ အဆင့်မြင့် စက်ချုပ်သင်တန်းသူ လေးဦး ပေါင်း၅၀တက်ရောက်ကြပြီးသင်တန်းကာလ သုံးလခွဲဖြစ်၍ သင်တန်းသူများကိုအဆိုပါကျောင်းမှ အခြေခံသင်တန်းသူတစ်ဦးလျှင်ပိတ်စ၁၀ကိုက်နှင့် အဆင့်မြင့် သင်တန်းသူတစ်ဦးလျှင် ပိတ်စ ကိုက်၂၀ ထောက်ပံ့ပေးကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

ကော့သောင်းမြို့၌ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာပေဟောပြောပွဲများကျင်းပ

ကော့သောင်း ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ပံ့ပိုးမှုဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာပေဟောပြောပွဲ အခမ်းအနားများကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက ကော့သောင်းမြို့ အထက(၁)၌ ကျင်းပသည်။

အခမ်းအနားတွင် ကော့သောင်းမြို့ပေါ် အခြေခံပညာအထက်တန်းကျောင်းများမှ အထက်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၁၆ ဦးက ကျွန်ုပ်ဖတ်ဖူးသော စာအုပ်တစ်အုပ်အကြောင်းခေါင်းစဉ်ဖြင့်စာပေလေ့လာဖတ်ရှုမှုစွမ်းရည်အား ရေးသားဖြေဆိုကြသည်။ထို့နောက် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ ဒေသခံစာရေးဆရာများဖြစ်သည့် ဆရာဦးကံကောင်း(ပျဉ်းမနားမောင်နေသွေး)နှင့် ခရိုင်ပြန်/ဆက်ဦးစီးအရာရှိဒေါ်ကြင်ကြင်သန်းတို့ကကျောင်းသားကျောင်းသူများအား စာပေဖတ်ရှုခြင်းအကျိုးကျေးဇူးများကို အသီးသီးပညာပေးဟောပြောရာကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားစွာ တက်ရောက်နားထောင်ကြသည်။ **(အပေါ်ပုံ)**

စာပေလေ့လာဖတ်ရှုမှုပြိုင်ပွဲတွင် ဆုရရှိသူသုံးဦးအားရွေးချယ်၍ဒီဇင်ဘာ ၁၇ရက်တွင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

ရွှေကူမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လွှတ်တော်မှ ရန်ပုံငွေများပေးအပ်

ရွှေကူ ဒီဇင်ဘာ ၂၃

ကချင်ပြည်နယ် ရွှေကူမြို့နယ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်း၃၇မျိုး လုပ်ကိုင် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေမှ ရပ်ကွက်/ကျေးရွာများသို့ ရန်ပုံငွေ ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက ရပ်ကွက်/ကျေးရွာအလိုက်ဆောင်ရွက်ကြမည့်လုပ်ငန်းများအလိုက် ခွဲဝေပေးသောရန်ပုံငွေများကို စနစ်တကျသုံးစွဲကြရန်မှာကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ် ၉၈၄သိန်းကိုမြို့နယ်အထောက်အကူပြုကော်မတီဝင်များထံသို့ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်အထောက်အကူပြုကော်မတီကရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အထောက်အကူပြု ကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျပ်၁၅သိန်းအောက်လုပ်ငန်းများကို ၂၀၁၄ခုနှစ် ဇန်နဝါရီလကုန်နှင့် ကျပ်၁၅သိန်းအထက်လုပ်ငန်းများကို ဖေဖော်ဝါရီလကုန်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မူဆယ်မြို့နယ် စာရေးဆရာအသင်းအမှုဆောင်စည်းဝေး စာပေဟောပြောပွဲနှင့် ကဗျာပြိုင်ပွဲများကျင်းပရန်စီစဉ်

မူဆယ် ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့နယ် စာရေးဆရာအသင်းအမှုဆောင် အစည်းအဝေးပွဲကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက စာရေးဆရာအသင်းရုံး၌ ကျင်းပရာ မူဆယ်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ရွှေညာသားမြတ်မင်း၊ အတွင်းရေးမှူး နိုင်မျိုးသစ္စာ(နမ္မတူ) နှင့် အမှုဆောင်များ၊ အသင်းဝင်များ တက်ရောက်ကြပြီး**(ယာပုံ)**စာပေရေးရာကိစ္စများကိုဇော်မျိုးဟန်(ငါးသိုင်းချောင်း)၊ ကဗျာဆရာ ကျော်မျိုးနွယ်တို့က ဆွေးနွေးကြပြီး မူဆယ်စာရေးဆရာအသင်းဝင်နှင်းအိရွှေရည်မှ ၄င်းရေးသားထားသော လက်တွေ့အကျိုးပေးဂမ္ဘီရယတြာများနှင့် ဂါထာတော်များစာအုပ်လှူဒါန်းခြင်းနှင့်အတူ အစည်းအဝေးတွင်စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲနှင့် ကဗျာပြိုင်ပွဲများ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် စည်ကားစွာ ကျင်းပမည်ဖြစ်ပြီး အမျိုးသားစာပေဆုရ စာရေးဆရာမ ယဉ်ယဉ်နု(မန္တလေး)နှင့် စာရေးဆရာ ဟာသပညာရှင် ဦးချစ်စရာတို့မှ ဟောပြောရန်စီစဉ်ထားကြောင်းသိရသည်။

သိန်းဇော်(ရွှေလီဦး)

လူကုန်ကူးမှုတားဆီးရေးအသိပညာပေး ဟောပြောပွဲ ကလေးမြို့နယ်၌ကျင်းပ

ကလေး ဒီဇင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် လူကုန်ကူးမှုတားဆီးရေး၊ ကလေးသူငယ် အခွင့်အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ၁၆ ရက် နံနက်၉နာရီကနေရှူရာခန်းမ၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များတက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအေးနိုင်က အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(မုံရွာ) ရဲမှူးခင်မောင်ကြွယ်က လူကုန်ကူးမှုဖြစ်နိုင်ခြေများ၊ လူကုန်ကူးမှုအင်္ဂါရပ်များ၊လူကုန်ကူးမှုပြစ်ဒဏ်များအကြောင်းကို ဟောပြောသည်။

အရေးယူနိုင်

လူကုန်ကူးမှု ဥပဒေများပြဋ္ဌာန်းပြီးနောက်ပိုင်း ရှစ်နှစ်တာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အမှုခုနစ်မှုနှင့် တရားခံ ၂၆ ဦးကို အရေးယူနိုင်ခဲ့ပြီး ၂၀၀၉ခုနှစ်တွင် ထီးချိုင့်၊ ၂၀၁၀ ခုနှစ်တွင် အင်းတော်၊ ရွှေဘို၊ စစ်ကိုင်း၊ ၂၀၁၁ ခုနှစ်တွင် ကလေး၊ ရွှေဘို၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ယင်းမာပင်မြို့နယ်တို့ရှိ လူကုန်ကူးမှုများကို အရေးယူ ထိန်းသိမ်းနိုင်ခဲ့ပြီးဖြစ်ကြောင်း ရဲမှူးခင်မောင်ကြွယ်က ပြောသည်။

သျှင်နေမင်း

သင့်သွေးဖြင့် အသက်ကယ်ပါ

မိုးမိတ်မြို့နယ်၊ တစ်မြို့လုံးရှိ အသက်(၆၀)နှင့်အထက် အာစရိယဆရာများအား (၂၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

မိုးမိတ်မြို့နယ်၊ အခြေခံပညာကျောင်းအသီးသီးတွင် ပညာရည်နို့သောက်စို့ခဲ့ကြသော ကျောင်းသူ ကျောင်းသားဟောင်းများ၏ တစ်မြို့နယ်လုံးရှိ အသက် (၆၀)နှင့်အထက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ကျောင်းသူကျောင်းသားများအားလုံး ပူဇော်ပွဲသို့တက်ရောက်ပူဇော်နိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လိပ်စာ

ကျင်းပမည့်ရက် - ၂၉-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀ နာရီတိတိ
ကျင်းပမည့်နေရာ - အထက၊ မိုးမိတ်မြို့

ဆက်သွယ်ရန်

ဖုန်း-၀၉-၄၀၃၇၂၃၁၅၅ (မိုးမိတ်မြို့)
ဖုန်း-၀၉-၄၀၃၇၂၆၄၅၉ (မိုးမိတ်မြို့)
ဖုန်း-၀၈၆-၄၅၅၀၇ (မိုးမိတ်မြို့)
ဖုန်း-၀၉-၅၀၂၃၀၇၀ (မဝေ၊ ရန်ကုန်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၈၉၀၉၁ Yinxiang 125, MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုမြင့် ၅/ငဇန(နိုင်)၀၁၄၄၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကို၁ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒက္ခိဏခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅၅

ဒေါ်စီစီမိုး (အရောင်းအဝယ်) အမှတ် (၁၁/၆၀)၊ ဗိုလ်လကျာ်လမ်း၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့။	**နှင့်** ၁။ ဦးခင်အောင် ၂။ ဒေါ်စန်းစန်းအေး (အိ)ရွှေဆိုင်၊ အမှတ် (၅၇၅) ဘုရားလမ်း၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့။
တရားလို	**တရားပြိုင်များ**

အပ်နှံငွေ ၂၅,၀၀၀,၀၀၀/-နှင့် အကျိုးအမြတ်ငွေ၁၀,၅၄၅,၀၀၀/- စုစုပေါင်း ၃၅,၅၄၅,၀၀၀/-ရလိုမှု

ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် (၅၇၅)၊ **အိ**ရွှေဆိုင်တွင် နေထိုင်သူ (၂)တရားပြိုင် ဒေါ်စန်းစန်းအေး (ယခုနေရပ်လိပ်စာမသိသူ)နေ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်စီစီမိုးက အပ်နှံငွေ ၂၅,၀၀၀,၀၀၀/-ကျပ်နှင့် အကျိုးအမြတ်ငွေ ၁၀,၅၄၅,၀၀၀/-ကျပ်၊ စုစုပေါင်း ၃၅,၅၄၅,၀၀၀/-ကျပ်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် ဆက်စပ်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၀ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးအေးလှိုင်)
ဒုတိယခရိုင်တရားသူကြီး
ဒက္ခိဏခရိုင်တရားရုံး

ကျေးဇူးဆပ်ပါမည်

ကျွန်တော် သီဟကျော် ၁၂/တမန(နိုင်)၀၇၄၆၃၄၏ သင်္ဘောသားလက်မှတ်များဖြစ်သော FOUR TICKETS, SSA, PRE-SEA ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၁၈၀၈၈၆**

ဦးကျော်တင့် ၆/ကသန(နိုင်)၀၄၀၀၃၂ သိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ ရှမ်းချောင်းရပ်၊ စိန်ပန်းလမ်းနေ (ဘ)ဦးထွန်းအေး (အမိ)ဒေါ်သန်းသန်းအေး၏သမီး မအေးသူဇာ ၇/ဇကန(နိုင်)၀၃၁၇၁၇၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်တင့် ၆/ကသန(နိုင်)၀၄၀၀၃၂သိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် မအေးသူဇာနှင့် ဦးကျော်တင့်တို့မှာ လွန်ခဲ့သည့် (၁၅)နှစ်ကတည်းက လင်မယားအဖြစ်ပေါင်းသင်းလာခဲ့ပြီး သားသမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ထိုသို့နေထိုင်လာစဉ်ကာလတစ်လျှောက်တွင် ခင်ပွန်းဖြစ်သူမှ မည်မည်ရရ အလုပ်အကိုင်မရှိ၊ ထောက်ပံ့ကျွေးမွေးမှုမရှိဘဲ မအေးသူဇာ၏ ရှာဖွေလုပ်ကိုင်မှုဖြင့် မိသားစုစားဝတ်နေရေးကိုတာဝန်ယူဖြေရှင်းလာခဲ့ရသည်မှာ ယနေ့အချိန်အထိဖြစ်ပါသည်။ သို့ရာတွင် ခင်ပွန်းသည်ဖြစ်သူ ဦးကျော်တင့်မှာ လင့်ဝတ္တရားနှင့်အညီနေထိုင်ကျင့်ကြံခြင်းမရှိဘဲ ဇနီးဖြစ်သူအား အမြဲတစေ ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်အောင် ဒုက္ခအမျိုးမျိုးပေးခြင်း၊ ထိုမျှသာမက ဇနီးသည်အပေါ် ခင်ပွန်းဖြစ်သူမှ အက်စစ်ဖြင့်ပက်သည်အထိ လူမဆန်စွာပြုမူလာခြင်း၊ အရက်သိက္ခာကျဆင်းအောင်ပြုမူဆက်ဆံခြင်း စသည်များကြောင့် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းတို့တွင် တိုင်ချက်ရေးဖွင့်ခဲ့ရပါသည်။ ထိုမတိုင်ခင်ကလည်း လင်ဖြစ်သူမှ မယားဖြစ်သူအား ကွာရှင်းပေးမည်ဟု အတင်းအကျပ်ခြိမ်းခြောက်ကာ ကာလတန်ဖိုး ၁၅သိန်းတန်ဖိုးရှိ Dream-125(ရွှေလှိုင်း)(လိုင်စင်ပါ)အမျိုးအစားဆိုင်ကယ်တစ်စီး၊ ငွေကျပ်ငါးသိန်းနှင့် အိမ်မြေနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အတင်းအဓမ္မရယူကာ နေအိမ်မှဆင်းသွားခဲ့ပြီးဖြစ်ပါသည်။ ယခုတစ်ဖန် ငွေကျပ်သိန်း၃၀ပေးပါ။ ကွာရှင်းပေးမည်ဟုတောင်းဆိုလာခြင်းအပေါ် မအေးသူဇာအနေဖြင့်လည်း ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိတော့၍ ကိုယ်စိတ်နှစ်ပါးဆင်းရဲ ဒဏ်သက်သာရစေခြင်းငှာ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် မျက်နှာစုံညီဖြေရှင်းရန် အကြိမ်ကြိမ်ခေါ်ခဲ့ရာ လာရောက်ခြင်းမရှိပါ။

သို့ဖြစ်၍ ဦးကျော်တင့်၏ အလိုဆန္ဒနှင့်အညီ လိုက်လျောသောအားဖြင့် ယနေ့ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း လူကြီးများစုံရာရှေ့မှောက်တွင် ငွေလာရောက်ရယူပါရန်နှင့် ကွာရှင်းပြတ်စဲခြင်းစာချုပ်ကို တရားဝင်ဖြစ်စေရန် သက်ဆိုင်ရာတရားရုံးတော်တွင်ချုပ်ဆို၍ ကွာရှင်းပြတ်စဲကြမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်မြင့်မြင့်ငြိမ်း တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၁၃)
အမှတ် ၁၄၊ မြဝတ်ရည် ၃ လမ်း၊ မြို့သစ်တံတားဦးရပ်၊ မြိတ်မြို့၊
ဖုန်း-၀၉-၄၅၀၉၉၀၂၁၈

24-12 (19).pmd 1 12/24/2013, 12:39 PM

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

နိုင်ငံတကာမှ ကုမ္ပဏီကြီးများနှင့် မြန်မာနိုင်ငံမှ ကုမ္ပဏီကြီးများ ပူးပေါင်းပြသရောင်းချမည့် ရန်ကုန်မြို့၏ အထူးခြားဆုံး ကုန်စည်ပြပွဲကြီး

UP TO OFF 40% INTERNATIONAL & MYANMAR PRODUCTS

YANGON INTERNATIONAL EXPO

ရန်ကုန်အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲကြီး

UP TO OFF 70% INDIA PRODUCTS

PARTICIPATE PRODUCTS-

၃.၁.၁၄ မှ ၆.၁.၁၄ SMART GROUP Ph 01-450075, 09-5003610, 09-8620000 တပ်မတော်ခန်းမ၊ ရန်ကုန်မြို့

MCC TRAINING INSTITUTE (Yatanarpon Campus)

B.Sc (Hons) Business IT

- Yatanarpon Cyber မြို့တော် (University Campus Life)

